ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့ (14-4-2009) (၆၀၁၃)

ဓမ္မစရိယာစ ဝေါမင်္ဂလ မုတ္တမံ

တရားတော်နှင့်အညီ ကျင့်ကြံခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ခါသင်္ကြန်နှစ်သစ်ဦး

❀ ပန်းပိတောက်ပွင့်ချိန်တန်
ခါသင်္ကြန်နှစ်သစ်ဦး။
မွှေးနံ့သာဖြန့်ကြက်မိုး
ချစ်ကြိုးဖွဲ့ထူး။
❀ ဖေတိုးပတ် ဖေတိုးပုံ
ရွှေရိုးဂုဏ် ထိုအက။
ခါသင်္ကြန်လတန်ခူး
လုထူးပေစွ။
❀ စွမ်းသလေ လန်းတဝေ
ပန်းသပြေညွန့်ဖြာခက်။
အောင်အစဉ် အောင်မြေလမ်းပေမို့
အေးစခန်းဘေးမသန်းအောင်
ရေဖျန်းလို့ပက်။
❀ အလှထူးပါဘိ
လတန်ခူး ခါသင်္ကြန်။
မင်္ဂလာထူးထွေတင့်
မြူးဝင့်ဝေ့ပျံ။
❀ သင်္ကြန်ရေစက်ရယ်က
ရန်ပြေလျက်ပြုံးပန်းပန်
ထုံးတမ်းမှန်စံထား။
နှစ်အဆွေး
ညစ်အကြေးဟူသမျှ
ကင်းပစေသား။
❀ ထူးထွေဆန်းပါဘိ
မြူးဝေလန်းသည်ချိန်ခါ။
စဉ်အလာ ထိုဓလေ့
မမေ့တွယ်တာ။
❀ ရေပေါ် ထိုမုန့်လုံးရယ်က
ဝါးမြုံ့ပြုံးအလက်ာ
ရင်အလွှာရသမွှန်း။
အဘွားဘိုးတို့ကိုလ
ရေချိုးကာခေါင်းလျှော်ပေးပါလို့
ကုသိုလ်ရေးတွယ်အတာနဲ့
မြို့ပြည်ရွာအောင်နိမိတ်
အေးရိပ်ဖော်ညွှန်း။ ။

သောင်းကိုကို

၁၃၇၀ ပြည့်နှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသည့် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခို သီချင်းကို သံပြိုင်သီဆိုကြပြီး ကပြဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်အကြိုနေ့တွင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့၌ ကုသိုလ်ပုည ဆည်းပူးသူများနှင့် သင်္ကြန်ပွဲဆင်နွှဲသူများဖြင့် စည်ကား

နေပြည်တော် ဧပြီ ၁၃

ယနေ့သည် မြန်မာနှစ် ကောဇာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် နှောင်းတန်ခူးလပြည့်ကျော် ၄ ရက် မဟာသင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက်ဖြစ်သည်။ မြန်မာနှစ် ကောဇာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၏ အနှောင်းပိုင်းရက်များဖြစ်သည့် မဟာသင်္ကြန်ကာလ၏ အဦးအစနေ့ပင်ဖြစ်သည်။

"မဟာသင်္ကြန်" ဟူသော ဝေါဟာရကို ကူးပြောင်းခြင်း၊ ပြောင်းရွှေ့ခြင်း ဟူသော အနက်ကို ဆောင်သည့် "သင်္ကြာန္တ"ဟူသော သက္ကတဘာသာစကားနှင့် "သင်္ကန္တ" ဟူသော ပါဠိဘာသာစကားတို့မှ ဆင်းသက်လာသော ဝေါဟာရဖြစ်သည့် "သင်္ကြန်"ကို မွန်မြတ်သော၊ မြင့်မြတ်သော၊ အမွန်ဖြစ်သောဟူသည့် ဝိသေသနစကား "မဟာ"နှင့် အထွတ်တင်၍ "မဟာသင်္ကြန်"ဟု ဝေါဟာရပြုထားခြင်းဖြစ်ရာ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းတော့မည့် မွန်မြတ်သော ကာလဟု ဖွင့်ဆိုနိုင်မည် ဖြစ်သည်။

ထို့ကြောင့် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသောမြန်မာတို့သည် မဟာသင်္ကြန်ကာလတွင် ကုန်ဆုံးခဲ့သည့် နှစ်ဟောင်း၏ ကောင်းမှု၊ မကောင်းမှုတို့ကို ပြန်လည်ဆင်ခြင်သုံးသပ်၍ လာမည့် နှစ်သစ်တွင် ကောင်းမှုကုသိုလ်တရားများ တိုးပွားစေရေး၊ မကောင်းမှု အကုသိုလ်တရားများ ကင်းပစေရေးတို့ကို ဦးတည်ချက်ထားကာ တစ်ဦးနှင့်တစ်ဦး အတာရေ ပက်ဖျန်းကြသည်။ ရေ၏

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

နှစ်သစ်တွင် ကောင်းမှု ကုသိုလ်တိုးပွားရေး ဦးတည် အတာရေစင်ပက်ဖျန်း

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၁၄-၄-၂၀၀၉
(အင်္ဂါနေ့)

အတာရေသဘင်ပွဲ ယာဉ်စည်းကမ်းများ လိုက်နာဆင်နွှဲ

မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်သည် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖြစ်သည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်သည့် အနေဖြင့် ရေဖျန်းပက်ကစားကြရသော ရာသီပွဲဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်စွာ ရေလောင်းကစားကြသဖြင့် ရေပက်သူများရော၊ ရေပက်ခံရသူများပါ ပျော်ရွှင်ကြည်နူးကြသည်။

သင်္ကြန်ကာလ၌ ရေပက်ကစားကြသူအားလုံး မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့်အညီ ယဉ်ကျေးပျော်ရွှင်စွာ ရေကစားကြရန် လိုအပ်သည်။ အထူးသဖြင့် မော်တော်ယာဉ်များဖြင့် ရေပက်ခံထွက်ကြရာတွင် ယာဉ်တိုက်မှု၊ မတော်တဆ ထိခိုက်ဒဏ်ရာရမှုများမရှိစေရန် သတိပြုဆင်ခြင် မောင်းနှင်ကြရမည် ဖြစ်သည်။

ပြည်သူများ လုံခြုံဘေးကင်းပျော်ရွှင်စွာ သွားလာနိုင်ရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ယာဉ်မောင်းသူများလိုက်နာရမည့် သတိပေးနှိုးဆော်ချက်များကို ထုတ်ပြန်ထားသည်။ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် မူးယစ်သောက်စား၍ ယာဉ်မမောင်းရန်၊ အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရန်၊ လုမမောင်းကြရန် နှိုးဆော်ထားသည်။

ထို့အပြင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိပ်ဇောပိုက်ဖြုတ်၍ မောင်းခြင်း၊ ယာဉ်နံပါတ်မပါရှိဘဲ မောင်းခြင်း၊ ယာဉ်ပေါ်တွင် အန္တရာယ်ဖြစ်စေနိုင်သော စီးနင်းလိုက်ပါမှုပြုလုပ်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးမတပ်ဘဲစီးခြင်း၊ နှစ်ဦးထက် ပိုမိုစီးနင်းခြင်းတို့ကို ကျူးလွန်ပါကလည်း ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း သိရှိရသည်။

ယာဉ်မောင်းသူများအားလုံးက သတ်မှတ်ယာဉ်စည်းကမ်းများကို တိကျစွာလိုက်နာမောင်းနှင်ကြခြင်း၊ ခရီးသွားပြည်သူများ အပိုင်းကလည်း လမ်းစည်းကမ်းနှင့်အညီ သွားလာခြင်းတို့ဖြင့် ယာဉ်အန္တရာယ်ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်သည် ပျော်ရွှင်ဖွယ်ရာအကောင်းဆုံးဖြစ်ရာ ရေကစားသူများအားလုံးက ဒဏ်ရာအနာတရ ဖြစ်စေသည်အထိ ရေပက်ကစားခြင်း၊ ယဉ်ကျေးမှုအဆုံးအမနှင့် ဆန့်ကျင်သည့် ပြုမူပြောဆိုမှုများ ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်၍ ယာဉ်မောင်းသူများအားလုံးကလည်း သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာ မောင်းနှင်ကြခြင်းတို့ဖြင့် နှစ်သစ်အတာရေသဘင်ပွဲတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အတာသင်္ကြန်အနှစ်သာရများနှင့် ကိုက်ညီသည့်ရေသဘင်ပွဲတော်

သောမန

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များတွင် နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်သည် အထူးခြားဆုံးနှင့် အစည်ကားဆုံးဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးရှိပြည်သူများသည် သင်္ကြန်ပွဲတော်တွင် အခြားရာသီပွဲတော်များထက် ပျော်ရွှင်စွာဆင်နွှဲကြသည်။ မြန်မာတို့အဖို့ ရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြသော်လည်း ကုသိုလ်ရေးကို မမေ့ကြ၊ အလှူအတန်း ကောင်းမှုများကို ပြုကြသည်မှာ အစဉ်အလာပင်ဖြစ်သည်။

ဤသို့ အစဉ်အလာကောင်းများဖြင့် ပြည့်စုံသော နှစ်လိုဖွယ် မြန်မာ့ရိုးရာ အတာသင်္ကြန်ရေသဘင်ပွဲတော်တွင် အတာရေသည် ကြည်လင်အေးမြခြင်း၊ အညစ်အကြေးတို့ကို ဆေးကြောသန့်စင်ခြင်း၊ ရေကိုသား၍ အကြားမထင်ဘဲ ဆက်စပ်နေခြင်းဟူသော ရေစင်၏ နိမိတ်သုံးပါးကိုယူ၍ ရေကစားကြခြင်းဖြစ်သည်။

သင်္ကြန်ရေကစားခြင်းနှင့်အတူ သင်္ကြန်၏ ကောင်းမြတ်သော ကုသိုလ်အမှုများဖြစ်သည့် အလှူဒါနပွဲများ ခြိမ့်ခြိမ့်သဲသဲဆင်နွှဲကြခြင်း၊ စတုဒိသာ ကျွေးမွေးခြင်း၊ ရဟန်းသံဃာတော်များအား ဆွမ်းဘောဇဉ်များ ကပ်လှူခြင်း၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအားရေသပ္ပာယ်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဗုဒ္ဓတရားတော်များကို နာကြားခြင်း၊ ဘုရားပုထိုးများကို ရှိခိုးပူဇော်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်းတို့ကို ပြုလုပ် ပွားများကြရမည်ဖြစ်သည်။

ထို့အပြင် ကျောင်း၊ ကန်၊ ဘုရား၊ ဇရပ်၊ တန်ဆောင်းများကို သန့်ရှင်းခြင်း၊ သက်ကြီးရွယ်အိုများအား တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ အမွှေးနံ့သာ ရေစင်ရေကောင်းတို့ဖြင့် ရေချိုး သန့်စင်ပေးခြင်း၊ ဘိုးဘွားမိဘ ဆရာသမားစသည်တို့အား ပူဇော် ကန်တော့ခြင်း၊ ပရိတ်တရားတော်များ နာယူခြင်း၊ ရေခန်းလုနီးပါးဖြစ်နေသော အင်း အိုင် ချောင်း မြောင်းများမှ ငါးများကိုဖမ်း၍ ဖြစ်စေ၊ အသတ်ခံရတော့မည့် ဆဲဆဲဖြစ်နေသော ငါးများကို ဝယ်ယူ၍ဖြစ်စေ ရေများရာ မြစ်၊ ချောင်း၊ အင်း၊ အိုင်များထဲသို့လွှတ်ခြင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်းစသည့် မွန်မြတ်သန့်စင်သော ကုသိုလ်ကောင်းမှုအစုစုတို့ကို ပြုလုပ်ကြရမည် ဖြစ်သည်။

သို့မှသာ မြတ်နိုးဖွယ်ရာ၊ နှစ်လိုဖွယ်ရာ၊ ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်ဖွယ်ရာကောင်းသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်၏ အနှစ်သာရများနှင့် ကိုက်ညီသည့် ယဉ်ကျေးသိမ်မွေ့သော ရေသဘင်ပွဲတော်ဖြစ်ပေမည်။

မြန်မာ့သင်္ကြန်

❋ တန်ခူးရေကုန်
ကဆုန်ရေခန်း၊ ဆိုစတမ်းသို့
တစ်ဝန်းထက်အောက်၊ ပူပြင်းခြောက်၏။

❋ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုးငယ်
သွန်းဖြိုးပက်ဖျန်း၊ ရွက်သစ်ဆန်း၍
ရွှင်လန်းဖွယ်ခင်း၊ မြေနံ့သင်း၏။

❋ ဂိမှာန်နွေဦး၊ သည်တန်ခူးဝယ်
လေရူးပွေနှောက်၊ ဟိုသည်ရောက်၍
ပိတောက်ရနံ့၊ ရွာလုံးပြန့်၏။

❋ နွေတေးဖွဲ့ဆို၊ ဥဩပျိုလည်း
လှိုက်ဖိုရင်ဖွင့်၊ ခွန်းသံဆင့်၏။

❋ သည်ချိန်ခါတွင်
မြန်မာတို့ပြေ(ပြည်)၊ မေတ္တာမြေဝယ်
ရေတွေလောင်းကြ၊ သင်္ကြန်ကျ၏။
မိဖဘိုးဘွား၊ သက်ကြီးများကို
ညွှတ်တွားဦးချ၊ ကန်တော့ကြ၏။
သီလခံယူ၊ စိတ်ထားဖြူနှင့်
အလှူထိုပွဲ၊ ခြိမ့်ခြိမ့်သဲ၏။
ရွာထဲရပ်ထဲ၊ ဒိုးပတ်ပွဲနှင့်
ယှဉ်တွဲအိုးစည်၊ ထိန့်ထိန့်မြည်လျက်
ရွှင်ကြည်တေးဖွဲ့၊ ကဟန်နွဲ့နှင့်
ဘေးမဲ့လွှတ်ပွဲ၊ လှုပ်ကဲ၏။

❋ ရင်ထဲအပူ၊ နွေအပူသည်
ယူပစ်သလိုပေါ့၊ မရှိတော့ချေ
ပေါ့ပေါ့ပါးပါး၊ မြတ်စိတ်ထားနှင့်
ဒို့များမြန်ပြေ(ပြည်)အလှဝေသည်
ခါနွေသင်္ကြန်ပွဲပေကို။ ။

ပန်းတောင်းသန်းကြွယ်

နေပြည်တော်မြန်မာ့အသံ

(ဗုဒ္ဓဟူးနေ့- နံနက်+နေ့လယ်+ည) (၁၅-၄-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး + နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၁၅	တရားတော် (ဇေဂုသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၉း၀၀	ဘဝအသွင်ကဗျာ့အမြင် (ပိတောက်စိမ်း)
၉း၀၅	တေးစီးရီး (အလင်္ကာဝတ်ရည် ခါသင်္ကြန်တေးစီးရီး)
၉း၅၀	ဟောပြောချက် (မြန်မာ့ဓလေ့ ပျော်ရွှင်ဆင်နွှဲ အတာသင်္ကြန်ပွဲ)
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂း၀၀	စံတော်ချိန် နိုင်ငံတကာအနုပညာ(၄၄) နေ့လယ်ခင်းတေးပဒေသာ
၁၂း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (အမှတ်တရသင်္ကြန်)
၁၂း၄၅	တေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၂၀	ဆောင်းပါး(သင်္ကြန်)
၄း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၅း၀၀	ခံတွင်းမြိန်စရာသူ့လက်ရာ (မော်လမြိုင်သင်္ကြန်ထမင်းနဲ့ ငါးခြောက်ထောင်းကြော်)
၅း၁၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	တေးပဒေသာ
၅း၄၀	သိမှတ်စရာ မြန်မာစကား မြန်မာစာ (ပုဂံခေတ် ဗုဒ္ဓဝင်စာပေ)
၆း၀၀	ညနေခင်းသတင်း
၆း၀၅	ညနေခင်းတေးပဒေသာ
၆း၂၀	ကျေးလက်ဇာတ်လမ်း (ကြွေရှက်ပေမယ့်)
၆း၃၀	တူယှဉ်သီကြွေးစုံတွဲတေး
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၇း၁၅	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (မြို့မငြိမ်းအလွမ်းပြေ)
၇း၃၀	ဝတ္ထုတိုခံစားမှု (သင်္ကြန်မင်းသား)
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	သင်္ကြန်သီချင်း ရင်ခုန်ခြင်း
၈း၃၀	တေးပဒေသာ စီးပွားရေးဦးတည်ချက်
၈း၅၀	ကျန်းမာရေးရာသိကောင်းစရာ (အကြော်ခံဆီအန္တရာယ် အကြောင်း)
၉း၀၀	ခံစားနားဆင်တေးဂန္ထဝင် လူမှုရေးဦးတည်ချက်
၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

သတိပေးနှိုးဆော်ချက်

(က) နေပြည်တော်အတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ကာလ၌ ယာဉ်မောင်းများ အောက်ပါအတိုင်း လိုက်နာရန်-

(၁) မူးယစ်သောက်စား၍ ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ။ လုမမောင်းရ။
(၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိပ်ဇောပိုက် ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်မပါရှိဘဲ မမောင်းရ။
(၅) ယာဉ်ပေါ်တွင် အန္တရာယ်ဖြစ်စေနိုင်သော စီးနင်းလိုက်ပါမှု မပြုလုပ်ရ။
(၆) ဆိုင်ကယ်စီးသူများသည် ဆိုင်ကယ်စီး ဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက်က မြိတ်မြို့ မြို့မအားကစားကွင်း၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်းအတွင်းရှိစက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဧပြီ ၁၁ ရက်တွင် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)သို့ ရောက်ရှိရာ စက်ရုံမှူး ဦးကိုကိုလွင်က သွေးကြောသွင်းဆေးရည် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး အထွေထွေမန်နေဂျာ ဦးတင်မောင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည်သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေးဌာနနှင့် သွေးကြောသွင်းဆေးရည်များစစ်ဆေးခြင်းဌာနတို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ဝန်ကြီးသည်မြသီတာသောက်ရေသန့် ထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိ၍ သောက်ရေသန့် ထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်၊ ရေသန့်ဘူးခွံများ ထုတ်လုပ်မှုနှင့် သောက်ရေသန့်ဖြည့်စက်နှင့် ထုပ်ပိုးခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီထုတ်လုပ်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် Biological Laboratories ဌာန၌ ဆေးဝါးသုံးစွဲသော လူနာများ အန္တရာယ် ကင်းရှင်းစေရန်အတွက် ဆေးဝါးများစမ်းသပ်ရန် အသုံးပြုသည့် ကြွက်၊ ယုန်၊ ပူး တိရစ္ဆာန်များ စနစ်တကျ မွေးမြူထားရှိမှုနှင့် တိရစ္ဆာန်များဖြင့် ဆေးဝါးစမ်းသပ်မှု လုပ်ငန်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ကြွေရည်စိမ်နှင့်စတီးလ်အိမ်သုံးပစ္စည်းစက်ရုံသို့ ရောက်ရှိ၍ စတီးလ်ပစ္စည်း အမျိုးမျိုးကို လည်းကောင်း၊ကျေးလက်ဒေသများ မီးလင်းရေးအတွက်စက်ရုံကတီထွင်ထုတ်လုပ်ထားသော ဇီဝလောင်စာသုံးမီးထွန်းကိရိယာကိုလည်းကောင်း၊ ထုတ်လုပ်ဆဲ စတီးလ်အိမ်သုံးပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများကိုလည်းကောင်း၊ စတီးလ် ပုံဖော်ပုံထောင်းဌာန၏ ကုန်ထုတ်လုပ်မှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံများနယ်မြေ (ကျောက်ဆည်)သို့ ရောက်ရှိ၍ စက်ရုံများရှင်းလင်းဆောင်၌ စက်ရုံမှူးများနှင့် တာဝန်ရှိသူများအားတွေ့ဆုံရာ စက်ရုံမှူးများက ကျေးလက်ဒေသ မီးလင်းရေးအတွက် ဇီဝလောင်စာသုံး ညကြည့်မီးအိမ်များ တီထွင်ထုတ်လုပ်ထားရှိမှုနှင့်ကုန်ထုတ်လုပ်ငန်းများ လျာထားချက်ပြည့်မီအောင် ဆောင်ရွက်နေမှုအခြေအနေများကို အသီးသီးတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)သို့ ရောက်ရှိရာ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက မီးသင်းဖို၏ လည်ပတ်ထုတ်လုပ်မှုနှင့် တစ်နေ့တန် (၁၀၀၀) ကုန်ထုတ်လိုင်းသစ် တိုးချဲ့တည်ဆောက်နိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် ဘိလပ်မြေထုတ်လုပ်မှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည်မန္တလေးဘီယာစက်ရုံ ကနောင်ခန်းမဆောင်၌ မန္တလေးမြို့ပေါ်ရှိ စက်ရုံများက ဇီဝလောင်စာသုံး ညကြည့်မီးအိမ်များ စမ်းသပ်ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့်စတီးလ်အိမ်သုံးပစ္စည်းစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၄-၂၀၀၉ (အင်္ဂါနေ့)

မဟာသင်္ကြန်အကျနေ့

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ခါသင်္ကြန်အဆိုအကများ
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ ပန်းလှိုင်တံတား
၈း၁၅ ၇။ ခါသင်္ကြန်အဆိုအကများ
၈း၃၀ ၈။ International News.
၈း၄၀ ၉။ “ဆယ်စုနှစ်ကခါသင်္ကြန်(ဝင်းဦး)
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၂၀ ၃။ ကြေးမုံရိပ်သွင်တေးနုယဉ်
၄း၃၅ ၄။ ခါသင်္ကြန်အဆိုအကများ
၄း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (ရသစာပေအရေးအသား အထူးပြု) (ရသစာပေအရေးအသား)
၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ **“ကျွမ်းတိုင်းမကြမ်းနဲ့” (လျှမ်းထက်၊သတ္တိ၊ ဖြိုးမောင်မောင်၊သဇင်၊ နန်းဆုရတီစိုး၊စုချစ်ဇော်) (ဒါရိုက်တာ-ဇော်လူထက်)**
၅း၁၅ ၈။ တေးဂီတအစီအစဉ်
၅း၂၅ ၉။ ခါသင်္ကြန်အဆိုအကများ
၅း၄၀ ၁၀။ ချစ်စရာ့အတာသင်္ကြန်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၅၀ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၅ ၁၄။ ခါသင်္ကြန်အဆိုအကများ
၇း၁၅ ၁၅။ ရန်အောင်နှင့်ချစ်သောသင်္ကြန်
၇း၄၅ ၁၆။ ခါသင်္ကြန်အဆိုအကများ
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ခါသင်္ကြန်အဆိုအကများ
၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း “သမုဒယသင်္ကြန်” (အပိုင်း-၂) (ရန်အောင်၊လျှမ်းထက်၊ စိုးမြတ်သူဇာ၊ပုလဲဝင်း) (ဒါရိုက်တာ-ကုသိုလ်)**
၂၂။ အစီအစဉ်ပြီး၏။

မန္တလေးမြို့ရတနာပုံဒိုင်းမွန်းပလာဇာ ရေကစားမဏ္ဍပ် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ဖဲကြိုးဖြတ်ဖွင့်လှစ်

မန္တလေးမြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် M.G.W Construction Co.,Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်တို့ ရတနာပုံဒိုင်းမွန်းပလာဇာ ရေကစားမဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မန္တလေး ဧပြီ ၁၃

၁၃၇၀ ပြည့်နှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ရတနာပုံဒိုင်းမွန်းပလာဇာ ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ည ၇ နာရီက ချမ်းအေးသာစံမြို့နယ် (၇၈) လမ်း၊ (၃၃) လမ်းနှင့် (၃၄) လမ်းကြားရှိ အဆိုပါရေကစားမဏ္ဍပ်၌ ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီးဒေါ်မိုးသီတာ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှဝင်း၊ ဗိုလ်မှူးကြီးငွေသန်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ - ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများ၊ M.G.W Construction Co.,Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မိသားစုများ၊ ဂီတ ရုပ်ရှင် အနုပညာရှင်များ၊ ဖိတ်ကြားထားသူများ၊ သင်္ကြန်ချစ်သူပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစီအစဉ်အရ ရတနာပုံဒိုင်းမွန်းပလာဇာ ရေကစားမဏ္ဍပ်သို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် M.G.W Construction Co.,Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့တော်ဝန်နှင့်တာဝန်ရှိသူများ၊ ဧည့်သည်တော်များက အမွှေးနံ့သာရည်များဖြင့် အပြန်အလှန် အတာရေပက်ဖျန်းကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါ ရတနာပုံဒိုင်းမွန်းပလာဇာ ရေကစားမဏ္ဍပ်တွင် Lazy Club တေးဂီတအဖွဲ့နှင့်အတူနိုင်ငံကျော်ဂီတ ရုပ်ရှင်အနုပညာရှင်များကတေးသံသာများ၊ အကအလှများဖြင့် ဖျော်ဖြေကြကြောင်းသိရသည်။ (သတင်းစဉ်)

ထိုးစစ်နှစ်ရက်ရပ်နားရန် သီရိလင်္ကာသမ္မတ အမိန့်ထုတ်ပြန်

ကိုလံဘို (သီရိလင်္ကာ)ဧပြီ ၁၃

သီရိလင်္ကာနိုင်ငံတွင်စစ်ဖြစ်နေသောနယ်မြေအတွင်း ပိတ်မိနေသည့် ထောင်ပေါင်းများစွာသော အရပ်သားများ ထွက်ခွာနိုင်ရန်အတွက် တမီလ်ကျားသူပုန်တို့အား ထိုးစစ်ဆင်နေသော တပ်ဖွဲ့များကို နှစ်ရက် ရပ်နားထားရန် သမ္မတက အမိန့်ထုတ်လိုက်ကြောင်း ၎င်း၏ရုံးမှ တနင်္ဂနွေနေ့တွင် ပြောကြားသည်။

သီရိလင်္ကာသမ္မတ မဟင်ဒရာရာဂျာပတ်စေးက နှစ်သစ်ကူးကာလ ဧပြီ ၁၃ နှင့် ၁၄ ရက်များတွင် စစ်ဆင်ရေးကို ရပ်ဆိုင်းထားရန် လက်နက်ကိုင်အဖွဲ့များကို ညွှန်ကြားခဲ့သည်။ သူပုန်များအား စစ်ရှုံးနေခြင်းကို သိရှိနားလည်စေရန်နှင့် လက်နက်ချရန် ထပ်မံတောင်းဆိုကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

သူပုန်များသည် အကြမ်းဖက်တိုက်ခိုက်မှုများကို ထာဝရစွန့်လွှတ်ရမည်ဟု သမ္မတက ပြောကြားသည်။

စစ်နယ်မြေအတွင်း ပိတ်မိနေသော အရပ်သားများ အရေအတွက်သည် ၁၀၀၀၀၀ ခန့်ရှိပြီး နေ့စဉ်နေ့တိုင်း ဒါဇင်နှင့်ချီ၍ သေဆုံးနေကြရကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ သူပုန်များသည် အရပ်သားများကို လူသားဒိုင်းအဖြစ် အသုံးပြုနေကြောင်း အစိုးရနှင့် ကယ်ဆယ်ရေးသမားများက စွပ်စွဲထားသည်။ သူပုန်များနှင့် လူ့အခွင့်အရေးအုပ်စုများက အပစ်အခတ်ကင်းမဲ့ဇုန်အတွင်းသို့ စစ်ဘက်က ပစ်ခတ်ကြောင်း စွပ်စွဲသည်။ ***အင်တာနက်။***

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းစွန်းဒေသတွင် တမီလ်ကျားသူပုန်များကို တိုက်ပွဲဆင်နေသည့် တပ်ဖွဲ့ဝင်အချို့အား ဧပြီ ၁၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



မက်အယ်လ်ဘားမားရေယာဉ်မှူး ပင်လယ်ဓားပြလက်တွင်းမှလွတ်မြောက်

မွမ်ဘာဆာ (ကင်ညာ) ဧပြီ ၁၃

ဆိုမာလီပင်လယ်ဓားပြများက အပိုင်စီးရန်ကြိုးစားခြင်းခံရသည့် မက်အယ်လ်ဘားမားကုန်သေတ္တာသင်္ဘော၏ရေယာဉ်မှူးမှာ အသက်ကယ်လှေအတွင်း ဓားစာခံ အကျဉ်းသားအဖြစ် အဖမ်းခံနေရသည်မှာ ငါးရက်ကြာသွားပြီးနောက် အမေရိကန်ရေတပ်ဖွဲ့၏ ကယ်တင်မှုကြောင့် ယခုအခါ လွတ်မြောက်လာပြီဖြစ်သည်။

အိမ်ဖြူတော်မှ တာဝန်ရှိသူများနှင့် အမေရိကန်စစ်ရေယာဉ် ဘိန်းဘရစ်ချ်ပေါ်မှ အရာရှိများသည် ဓားစာခံအား ကယ်တင်နိုင်မည့် နည်းလမ်းများကို ကြံဆခဲ့ကြသည်။ ဓားစာခံ မာလိန်မှူး အသက်အန္တရာယ် အခြေအနေတွေ့ရလျှင် ပင်လယ်ဓားပြများကို ဝင်တိုက်ရန် ဆုံးဖြတ်ထားသည်။

ရေယာဉ်မှူးကို ဖမ်းဆီးထားသည့် ငါးရက် ပြည့်မြောက်သောနေ့တွင် ဓားစာခံရှိနေသော အသက်ကယ်လှေပေါ်၌ ဓားစာခံအား နောက်ကျောမှ နေ၍ ပင်လယ်ဓားပြတစ်ဦးက အေကေ-၄၇ မောင်းပြန်သေနတ်နှင့် ချိန်လိုက်သည်ကို စစ်သင်္ဘောပေါ်မှ တွေ့လိုက်ရသည်။

ထိုအချိန်တွင် ရေတပ်မှ လက်ဖြောင့်တပ်ဖွဲ့ဝင်များသည် ပင်လယ်ဓားပြများ၏ ဦးခေါင်းနှင့် ပခုံးတို့ကို အရအမိ ချိန်ရွယ်ထားကြသည်။ စစ်အရာရှိက ပစ်မိန့်ပေး လိုက်သောအခါ အစောင့်ပင်လယ်ဓားပြသုံးဦးထိမှန်ခံရပြီး ဓားစာခံရေယာဉ်မှူးမှာ အဖမ်းခံဘဝမှ လွတ်မြောက်လာရသည်။ ဤသို့ဖြင့် ငါးရက်ကြာသွားသည့် ဓားစာခံ ကယ်တင်ရေးအရေးအခင်းမှာ အဆုံးသတ်သွားသည်။

မက်အယ်လ်ဘားမားကုန်သေတ္တာသင်္ဘော၏ရေယာဉ်မှူးရစ်ချတ်ဖိလစ်သည် အမေရိကန်နိုင်ငံ ဗားမောင့်မြို့ရှိ ၎င်း၏ နေအိမ်မှ သင်္ဘောရှိရာသို့ ကမ္ဘာတစ်ဝက်မျှရှိသောခရီးကိုနှင်ကာအရောက်လာ၍ ရေယာဉ်၏ မာလိန်မှူးတာဝန်ကို ယူခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)



ဆိုမာလီရေပြင်တွင် ၂၀၀၉ ခုနှစ်အတွင်း ပင်လယ်ဓားပြများ၏ တိုက်ခိုက်မှုဖြစ်ပွားရာနေရာများ ဖော်ပြသည့်မြေပုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်တောင်ပိုင်းတွင် စစ်သွေးကြွ ၂၇ ဦး သေဆုံး

ကဘူး ဧပြီ ၁၃

အာဖဂန်တောင်ပိုင်းတွင် ဧပြီ ၉ရက်က အာဖဂန်နှင့် နေတိုးတပ်ဖွဲ့များ ပူးပေါင်း၍ သီးခြားထိုးစစ်ဆင်မှု နှစ်ခု ပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၂၇ ဦး သေဆုံးသည်ဟု အမေရိကန်တပ်ဖွဲ့က ဧပြီ ၁၀ ရက်တွင် ပြောကြားသည်။

ဥရုဇဂန်ပြည်နယ်တွင် အာဖဂန်နှင့် နေတိုးတပ်ဖွဲ့များ ပူးပေါင်း၍ ထိုးစစ်ဆင်ခဲ့ကြောင်း၊ သူပုန်များက လက်နက်ငယ်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်ရာ ပူးပေါင်းတပ်ဖွဲ့ကလည်း လက်နက်ငယ်များနှင့် ဒုံးကျည်များအပြင် လေကြောင်းကပါ ထောက်ကူပစ်ပေးခဲ့သဖြင့် စစ်သွေးကြွ ၁၂ ဦးကို နှိမ်နင်းနိုင်ခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့က ပြောကြားသည်။

ထိုနေ့မှာပင် ဟဲလ်မန်ပြည်နယ် လာချ်ကာဂါးဒေသတွင် ပူးပေါင်းတပ်ဖွဲ့က ထိုးစစ်ဆင်နွဲကာ စစ်သွေးကြွ ၁၅ ဦးကို နှိမ်နင်းခဲ့သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး ဒဏ်ရာရရှိသွားသော ကလေးငယ်နှင့် ဖခင်တို့ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်အမျိုးသမီးအရာရှိ အသတ်ခံရ

ကန်ဒါဟာ (အာဖဂန်နစ္စတန်) ဧပြီ ၁၃

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် အမျိုးသမီးများ အခွင့်အရေးအတွက် တိုက်ပွဲဝင်ခြင်းကြောင့် ထင်ပေါ်ကျော်ကြားသော ပြည်နယ်အရာရှိ အမျိုးသမီးတစ်ဦးကို တနင်္ဂနွေနေ့က သေနတ်ဖြင့်ပစ်သတ်သွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ကာရီယူဆွတ်အာမက်ဒီက ၎င်းတို့၏လက်ချက်ဖြစ်ကြောင်းကြေညာသည်။ စီတာရာအာချက်ဇာအိကို ကန်ဒါဟာမြို့ သူမ၏နေအိမ်အပြင်ဘက်တွင် ကားပေါ်မှအဆင်း ဆိုင်ကယ်စီးသေနတ်သမားလေးဦးက ပစ်သတ်ခြင်းဖြစ်ကြောင်း ကန်ဒါဟာပြည်နယ်ရဲအရာရှိ မူတူးလာချ်ခန်ကာတက်ချ်က ပြောကြားသည်။ အာချက်ဇာအိသည် ဂျာမန်-အာဖဂန်နိုင်ငံသားဖြစ်သည်။ အာဖဂန်နစ္စတန်ကို တာလီဘန်တို့အုပ်စိုးစဉ်ကာလက ဂျာမနီတွင် နေထိုင်ခဲ့သည်။ တာလီဘန်တို့အာဏာလက်လွှတ်မှ အာဖဂန်နစ္စတန်သို့ပြန်လာကာ အမျိုးသမီးများအခွင့်အရေးအတွက် တိုက်ပွဲဝင်နေခြင်းဖြစ်သည်ဟု သူမနှင့်အတူ ကန်ဒါဟာအမျိုးသမီးအဖွဲ့၌ လုပ်ကိုင်နေသူ ရှာဟီဒါဘီဘီက ပြောကြားသည်။ ***အင်တာနက်။***

နိုင်ငံတကာ လေကြောင်းဖြစ်ရပ်သတင်းများ

ကယ်လီဖိုးနီးယား စစ်ဘက်လေတပ်စခန်းအနီး လေယာဉ်ငယ်ပျက်ကျ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းရှိအမေရိကန်လေတပ်စခန်းတစ်ခု၏ မြေပြင်ကွက်လပ်ပေါ်သို့ ဧပြီ ၁၁ ရက်နံနက်ပိုင်းက လေယာဉ်ငယ် ပျက်ကျမှုဖြစ်ပွားရာ လေယာဉ်မှူးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ လော့စ်အိန်ဂျလိစ်မြို့တောင်ဘက် ကီလိုမီတာ ၁၈၀ ခန့်အကွာ ဆန်ဒီဂို့ဒေသရှိ အမေရိကန်လေတပ်စခန်း ပြေးလမ်းအနီး ပျက်ကျခဲ့သည့် အင်ဂျင်တစ်လုံးတပ် ပိုက်ပါလေယာဉ်ငယ်၏ အပျက်အစီးများအတွင်း သေကျေဒဏ်ရာရရှိသူများ မတွေ့ရှိကြောင်း လေကြောင်းထိန်းသိမ်းရေးဌာနက ပြောကြားသည်။ လေယာဉ်ပျက်ကျမှုဖြစ်ပွားရာနေရာသည် အရပ်ဘက်သုံးလေဆိပ် မောင့်ဂိုမာရီ လေယာဉ်ကွင်း၏ အရှေ့မြောက်ဘက် ၁၂ ကီလိုမီတာခန့်အကွာ၌ ရှိကြောင်း ထည့်သွင်းပြောကြားသည်။

အီလီနွိုက်အနောက်မြောက်ဘက်၌ လေယာဉ်ပျက်ကျ

အမေရိကန်နိုင်ငံ ချီကာဂိုမြို့ အနောက်တောင်ဘက် ကီလိုမီတာ ၁၀၀ခန့်အကွာရှိ ဆင်းဒဝစ်ချ်ဒေသ အနောက်ဘက်စွန်းတွင် ဧပြီ ၁၁ ရက် မွန်းလွဲပိုင်းက လေယာဉ်ငယ်ပျက်ကျမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးကြောင်း အမေရိကန် လေကြောင်းထိန်းသိမ်းရေးဌာနက ပြောကြားသည်။

အဆိုပါ အင်ဂျင်တစ်လုံးတပ်လေယာဉ်ငယ်သည် ဆင်းဒဝစ်ချ်မြို့မြောက်ဘက် တစ်မိုင်အကွာ၌ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က ပျက်ကျခဲ့သည်။ လေယာဉ်ပျက်ကျရခြင်း အကြောင်းရင်းအား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဩစတြေးလျ၌ အသံထက်မြန်သောလေယာဉ်ပျက်ကျ

ဩစတြေးလျနိုင်ငံတွင် အသံထက်မြန်သော လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းပြီး မြေပြင်သို့ဆင်းသက်စဉ် ပျက်ကျမှုဖြစ်ပွားရာ နှစ်ဦး ဒဏ်ရာရရှိကြောင်း ဧပြီ ၁၂ ရက်တွင် ဩစတြေးလျရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်က ဗစ်တိုးရီးယားပြည်နယ်မြောက်ပိုင်း ဘန်နယ်လာလေယာဉ်ကွင်းရှိ ပြေးလမ်းအတွင်း ဆင်းသက်စဉ် ကျွမ်းပြန်သွားကာ ပျက်ကျခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဩစတြီးယားအနောက်ပိုင်းရေကန်အတွင်း လေယာဉ်ငယ်ပျက်ကျ

ဆွစ်ဇာလန်နိုင်ငံမှ ပျံသန်းလာသော လေယာဉ်ငယ်တစ်စင်းသည် ဧပြီ ၁၁ ရက် မွန်းလွဲပိုင်းက ဩစတြီးယား၊ ဆွစ်ဇာလန်၊ ဂျာမနီနိုင်ငံတို့နှင့် ထိစပ်နေသော ဘိုဒင်ရေကန်(ဘိုဒင်းစီး)အတွင်းသို့ ပျက်ကျခဲ့သည်။

အဆိုပါလေယာဉ်သည် ဘိုဒင်းစီးတောင်ပိုင်းရှိ ဆွစ်ဇာလန်နိုင်ငံ အယ်တန်ဟင်လေဆိပ်မှ ပျံတက်ပြီး ခဏကြာ အနည်းဆုံး တစ်မီတာအနက်ရှိ ရေကန်အတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ အသက် ၆၇ နှစ်အရွယ် အမျိုးသမီးလေယာဉ်မှူးအား ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း မတော်တဆဖြစ်ပွားရခြင်း အကြောင်းရင်းအား စုံစမ်းလျက်ရှိကြောင်း ဖော်ပြသည်။

တရုတ်နိုင်ငံ၏ အန္တာတိတ်ဒေသရှာဖွေစူးစမ်းရေးသင်္ဘောဇီလောင်ပေါ်မှ ပျက်ကျသွားသည့် ရဟတ်ယာဉ်အား ပင်လယ်တွင်းမှ ပြန်လည်ဆယ်တင်နေသည်ကို ဧပြီ ၁၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပူးပေါင်းတပ်ဖွဲ့က စစ်သွေးကြွလေးဦးကို နှိမ်နင်း

ကဘူး ဧပြီ ၁၃

အာဖဂန်တောင်ပိုင်း ဇာဘူးပြည်နယ်တွင် အာဖဂန်နှင့် နေတိုးပူးပေါင်းတပ်ဖွဲ့က စစ်သွေးကြွဟု ယူဆရသူလေးဦးကို သုတ်သင်ခဲ့သည်ဟု နိုင်ငံစုံအဖွဲ့က ဧပြီ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။ စစ်သွေးကြွများကို ချေမှုန်းရာတွင် လေကြောင်းကပါ ပစ်ကူပေးခဲ့ကြောင်းနှင့် ပူးပေါင်းတပ်ဖွဲ့နှင့်ပတ်သက်သည့် အသေးစိတ်အခြေအနေကိုမူ မသိရသေးကြောင်း နိုင်ငံစုံတပ်ဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

အမေရိကန် အလုပ်လက်မဲ့ ၁၀ ရာခိုင်နှုန်းသို့ ရောက်ရှိမည်ဟု ကျွမ်းကျင်သူများက သုံးသပ်

ချီကာဂို ဧပြီ ၁၃

အမေရိကန်အလုပ်လက်မဲ့ဦးရေသည် ပိုမိုဆိုးရွားစွာ မြင့်တက်ဖွယ်ရှိပြီး ယခုနှစ်အတွင်း အလုပ်လက်မဲ့နှုန်းမှာ ၁၀ရာခိုင်နှုန်းထိ ရောက်ရှိမည်ဟု ယူဆရကြောင်း အမေရိကန်အလုပ်သမား ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်သည်။

မိမိတို့အနေဖြင့် ၂၅နှစ်အတွင်း အလုပ်လက်မဲ့နှုန်းကို နှိုင်းယှဉ်ကြည့်ရှုခြင်း မပြုရသေးကြောင်းနှင့် စီးပွားရေးအခြေအနေကောင်းသို့ မရောက်မီအထိ အလုပ်လက်မဲ့နှုန်း တိုးလာဖွယ်ရှိကြောင်း အကဲဖြတ်အလုပ်အမှုဆောင်အဖွဲ့ အကြီးအကဲဂွန်က ပြောကြားသည်။ ထို့ပြင် ယခုနှစ်အတွင်း အလုပ်လက်မဲ့နှုန်း ၁၀ရာခိုင်နှုန်းသို့ ရောက်ရှိဖွယ်ရှိသည်ဟု ၎င်းကဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်ပြစ်မှုသတင်း

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဒါဘွန်းမြို့ ဟင်နရီဖို့ဒ်ကောလိပ်တွင် ပစ်ခတ်မှုဖြစ်ပွားရာနေရာ၌ ရဲတပ်ဖွဲ့နေရာယူစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်၌ ပစ်ခတ်မှုဖြစ်၊ နှစ်ဦးသေဆုံး

ချီကာဂို မေ ၁၃

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဒါဘွန်းဒေသတွင် မေ ၁၀ ရက်က ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ကျောင်းသားနှစ်ဦး သေဆုံးပြီး ယင်းဖြစ်စဉ်အတွင်း သေနတ်သမားလည်း မိမိကိုယ်ကိုယ် သတ်သေသွားသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

စာသင်ခန်းတစ်ခုအတွင်း အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦး၏ အလောင်းကိုတွေ့ရပြီး အမျိုးသားက အမျိုးသမီးငယ်ကို ပစ်သတ်ခဲ့ပြီးနောက် ကိုယ့်ကိုယ်ကိုယ် ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ကျောင်းသားအချို့ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု သိရသည်။ ***အင်တာနက်။***

နယူးအော်လင်းတွင် ပစ်ခတ်မှုဖြစ်၊ ကလေးငယ်နှစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံး

ဟူစတန် မေ ၁၃

နယူးအော်လင်း အရှေ့တောင်ပိုင်း ၁၆ ကီလိုမီတာ အကွာရှိ တာရီမြို့တွင် မေ ၁၁ ရက် နံနက်ပိုင်းက လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အမျိုးသမီးငယ်တစ်ဦးနှင့် ကလေးနှစ်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပစ်ခတ်သတ်ဖြတ်

ယင်းသည် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၄၃ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မျက်နှာဖုံးစွပ် အမျိုးသားနှစ်ဦးသည် နေအိမ်အတွင်းသို့ ဝင်ရောက်ကာ နှစ်နှစ်သားအရွယ်ခန့် ကလေးငယ်နှင့် အသက် ၁၉ နှစ်အရွယ်ရှိ ကလေး၏မိခင်တို့ကို ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်းနှင့် နေအိမ်အတွင်းတွင်ရှိနေသော ခြောက်နှစ်အရွယ် ယောကျ်ားလေးနှင့် ၁၁ နှစ် အရွယ် မိန်းကလေးတို့ကိုလည်း ပစ်ခတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ခြောက်နှစ်အရွယ်ကလေးငယ်မှာ တက္ကသိုလ်ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌သေဆုံးခဲ့ပြီး ၁၁ နှစ်အရွယ် ကလေးမှာမူ ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသလျက်ရှိသည်ဟုဆိုသည်။

ပစ်ခတ်မှုဖြစ်ပွားရသည့်အကြောင်းအရင်းအပေါ် ရဲတပ်ဖွဲ့က ထင်မြင်ချက်ပေးခြင်းမရှိကြောင်း သိရသည်။ ***အင်တာနက်။***

ဓားစာခံကယ်သည့် ပြင်သစ်ကွန်မန်ဒိုများ စစ်ဆေးခံရမည်

ပါရီ မေ ၁၃

ပြင်သစ်ရေတပ် ကွန်မန်ဒိုများသည် ဆိုမာလီပင်လယ်ဓားပြများ ဖမ်းထားသော ဓားစာခံများကို ဝင်ရောက်ကယ်တင်ခဲ့ရာတွင် ဓားစာခံတစ်ဦး သေဆုံးခဲ့ရခြင်းအတွက် စုံစမ်းစစ်ဆေးရန် ပြင်သစ်ကာကွယ်ရေးဝန်ကြီးက စနေနေ့တွင် ကတိပေးခဲ့သည်။

သေဆုံးသွားသော ဓားစာခံ ဖလိုးရင့် လီမာကွန်သည် ပြင်သစ်ကျည်ဆန်ကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဟာဗီးမိုရင်က ဝန်ခံသည်။

လီမာကွန်၊ သူ၏ဇနီး၊ သုံးနှစ်အရွယ်သားတစ်ဦးနှင့် မိတ်ဆွေနှစ်ဦးတို့၏ ရွက်လှေကို ပင်လယ်ဓားပြများက ဆိုမာလီကမ်းလွန်တွင် ပြန်ပေးဆွဲသွားခြင်းဖြစ်သည်။ ၎င်းရွက်လှေကို သောကြာနေ့က ပြင်သစ်ကွန်မန်ဒိုများက ဝင်ရောက်စီးနင်းခဲ့သည်။

ကွန်မန်ဒိုများနှင့် ပင်လယ်ဓားပြများ အကြား အပြန်အလှန်ပစ်ခဲ့ကြရာ ဓားပြနှစ်ဦးနှင့် လီမာကွန်တို့ သေနတ်ထိမှန်သေဆုံးခဲ့သည်။

ယခင်ကဆိုလျှင် ပြင်သစ်အစိုးရသည် ပြန်ပေးရွေးငွေပေးရန် ငြင်းဆိုသည်။ ဤအမှုကိစ္စတွင် ခြွင်းချက်အနေဖြင့် ပြင်သစ် စေ့စပ်ရေးသမားများသည် ပင်လယ် ဓားပြများနှင့် ပြန်ပေးငွေပေးရန် ညှိနှိုင်းခဲ့ကြသည်။ သို့သော်လည်း ပင်လယ်ဓားပြတို့က ငြင်းဆိုခဲ့ကြသည်။

သောကြာနေ့က စစ်ဆင်ရေးသည် ယခင်နှစ်အတွင်း ပင်လယ်ဓားပြများကို နှိမ်နင်းရာ၌ တတိယအကြိမ်ဖြစ်သည်။

ပြင်သစ်ဖရီးဂိတ် စစ်သင်္ဘောသုံးစင်းပေါ်မှ ကွန်မန်ဒိုဦးရေ ၃၀ သည် ကာပစ်ပေးပြီး ကွန်မန်ဒိုရှစ်ဦးက ရွက်လှေပေါ် တက်ရောက်ခဲ့ကြသည်။

ထိုစစ်ဆင်ရေးတွင် ပင်လယ်ဓားပြသုံးဦးကို ဖမ်းမိခဲ့ပြီး ပြင်သစ်သို့ခေါ်ဆောင်၍ ရာဇဝတ်မှုဖြင့် တရားရုံးသို့ တင်မည်ဖြစ်သည်။

လွတ်မြောက်လာသော ဓားစာခံလေးဦးအား ဂျီဘူတီသို့ ခေါ်လာပြီး ယင်းမှတစ်ဆင့် ပြင်သစ်စခန်းတစ်ခုသို့ ခေါ်ဆောင်သွားမည်ဖြစ်သည်။

အင်တာနက်။

ပြင်သစ်ရေတပ် ကွန်မန်ဒိုများက ဆိုမာလီပင်လယ်ဓားပြများကို ဖမ်းဆီးထားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

စက္ကူကတ်ထူပုံးဖြင့် နေရောင်ခြည်စွမ်းအင်သုံးမီးဖို တီထွင်သူ ပေါင်ငွေ ၅၀၀၀၀ ဆွတ်ခူးရရှိ

လန်ဒန် မေ ၁၃

ကမ္ဘာ့သဘာဝ ဝန်းကျင်ထိခိုက်မှု အနည်းဆုံးကိုသာဖြစ်ပေါ်စေမည့် တီထွင်ဖန်တီးမှုကို ကြံဆနိုင်သူအား ပေါင်ငွေ ၅၀၀၀၀ ပေးမည်ဟု ကြေညာထားခဲ့သည်။

စက္ကူကတ်ထူဘူးကို အသုံးပြုကာ တီထွင်ထားသော နေရောင်ခြည်စွမ်းအင်သုံးမီးဖိုကို ဖန်တီးသူသည် အထက်ပါဆုကို ဆွတ်ခူးသွားသည်။

တန်ဖိုးအားဖြင့် သုံးပေါင်ခွဲမျှသာ တန်ကြေးရှိသော အဆိုပါမီးဖိုသည် ပေါင်မုန့်ဖုတ်နိုင်သည့်အပြင် ရေနွေးလည်း ကျိုနိုင်စွမ်းရှိကြောင်း သိရသည်။ ဖော်ပြပါ ယှဉ်ပြိုင်ပွဲသို့ ဖန်တီးမှုပေါင်း ၃၀၀ ကျော်ကို တင်သွင်းခဲ့သည့်အနက် နေရောင်ခြည်သုံး စက္ကူကတ်ထူမီးဖိုက ဆုရရှိသွားခြင်းဖြစ်သည်။ ယင်းမီးဖိုကို ကျိုတိုဘောက်ဟု အမည်ပေးထားသည်။

ထိုမီးဖိုကို ကတ်ဘူးအသေးနှင့် အကြီးနှစ်ဆင့်ဖြင့် ပြုလုပ်ထားပြီး ကတ်ဘူးအကြီးအတွင်း ကတ်ဘူးအငယ်ကို ထည့်ထားကာ အေခရိုင်းလစ်အဖုံးဖြင့် ပြုလုပ်ထားသည်။ ယင်းသို့ပြုလုပ်ထားသည့်အတွက် နေရောင်ခြည်အပူဓာတ်ကို ကတ်ထူမီးဖိုအတွင်းမှ အပြင်သို့ ထွက်မသွားအောင် ထိန်းသိမ်းထားနိုင်ခြင်းဖြစ်သည်။

အတွင်းသေတ္တာကို အနက်ရောင်သုတ်ထားပြီး အပြင်ဘူးကို ငွေရောင်ပြားများ အုပ်ထားသည်။ ထို့အပြင် အတွင်းသေတ္တာနှင့်အပြင်ဘူးအကြားတွင် ကောက်ရိုး သို့မဟုတ် သတင်းစာစက္ကူများကို အပူကာပစ္စည်းအဖြစ်သုံး၍ ညှပ်ထည့်ထားသည်။ ဤနည်းအားဖြင့် ဘူးအတွင်း အပူဓာတ်များကို စုဆောင်းထားပြီးသားဖြစ်နေသည်။

ထိုမီးဖိုကို တီထွင်သူမှာ ဂျွန်ဘိုမာဖြစ်သည်။ နော်ဝေလူမျိုး ဘိုမာသည် ၎င်း၏ဇနီး ကင်ညာသူ နီမာနှင့်အတူ ကိုယ်ပိုင်အရင်းအနှီးဖြင့် ကျိုတိုစွမ်းအင်ကုမ္ပဏီကို တည်ထောင်ထားသည်။

အင်တာနက်။



ပေါင်ငွေ ၅၀၀၀၀ တန် တီထွင်မှုဆုကို ဆွတ်ခူးသွားသည့် စက္ကူကတ်ထူပုံး နေရောင်ခြည်စွမ်းအင်သုံး မီးဖိုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်တာနက် သဘာဝပတ်ဝန်းကျင်သတင်း

ဘော်နီယိုကျွန်းပေါ်တွင် ရှားပါးအော်ရန်ဂူတန်မျောက်အုပ်ကြီး ရှာဖွေတွေ့ရှိ

ပြန်ဆိုတင်ပြသူ-မောင်မောင်ဝ

ဂျကာတာ မေ ၁၃

ကမ္ဘာတစ်လွှားတွင် ရှားပါးနေပြီးသော အော်ရန်ဂူတန်မျောက်မျိုးများ၏ အနွယ်တူမျောက်မျိုးအုပ်ကြီး တစ်အုပ်ကို သဘာဝဝန်းကျင်လေ့လာသူများက အင်ဒိုနီးရှားနိုင်ငံ၏ တောင်ထူထပ်သော ချောင်ကျသည့် တောတွင်းတစ်နေရာ၌ ရှာဖွေတွေ့ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဝန်းကျင်လေ့လာသူများတွေ့ရှိရသည့် အော်ရန်ဂူတန် မျောက်အုပ်အရေအတွက်သည် ကောင်ရေ ၂၀၀၀ ခန့်အထိ များပြားသည်ဟုဆိုသည်။ ထိုတွေ့ရှိချက်ကြောင့် အကန့်အသတ်ဖြင့်သာရှိနေသော အော်ရန်ဂူတန်အရေအတွက်ကို ပိုမို များပြားလာစေကြောင်း သိရသည်။

ဘိုနီယိုကျွန်း၏ အရှေ့ဘက်စွန်းနယ်မြေပေါ်တွင် အော်ရန်ဂူတန်မျောက်အသိုက်ပေါင်း ၂၁၉ ခုကို တွေ့ရှိရသည်ဟု သဘာဝပတ်ဝန်းကျင်လေ့လာရေးပညာရှင် အီရစ်မီဂျဒ်က ပြောကြားသည်။

ယခုတွေ့ရှိရသော အသိုက်အရေအတွက်ကို ထောက်ရှု၍ မျောက်ဝံကောင်ရေကို ခန့်မှန်းရလျှင် အနည်းဆုံးကောင်ရေ ၁၀၀၀ မှ ၂၀၀၀ ခန့်အထိရှိနိုင်သည်ဟု ၎င်းက ပြောကြားသည်။ လေ့လာရေးသမားများသည် မျောက်ဝံအထီးတစ်ကောင်နှင့် သားသည် မျောက်မတို့ကို တွေ့ရှိရသဖြင့် ဓာတ်ပုံရိုက်ရန်ကြိုးစားစဉ် မျောက်ဝံအထီး၏ ဒေါသတကြီး တိုက်ခိုက်မှုကို ခံရသည်ဟု ဆိုသည်။

လက်ရှိအခြေအနေ၌ သဘာဝအရိုင်းအစိုင်းဘဝတွင် အော်ရန်ဂူတန်မျောက်ဝံကောင်ရေ ၅၀၀၀၀ မှ ၆၀၀၀၀ အတွင်းသာ ကျန်ရှိတော့သည်ဟု ပညာရှင်များက ခန့်မှန်းသည်။ ယင်းအနက်ကောင်ရေ ၉၀ ရာခိုင်နှုန်းမှာ အင်ဒိုနီးရှားနိုင်ငံ တောတွင်း၌ တွေ့ရှိရပြီး ကျန်ကောင်ရေမှာ မလေးရှားနိုင်ငံ၌ ကျက်စားလျက်ရှိသည်ဟု ဆိုသည်။

ဆီအုန်းကို အင်ဒိုနီးရှားတွင် စားသုံးဆီအဖြစ်လည်းကောင်း၊ စက်မှုကုန်ကြမ်းသီးနှံအဖြစ်လည်းကောင်း လုပ်ကိုင်ကြသည်။ ထို့ကြောင့် ဆီအုန်းဝယ်လိုအားသည် ကောင်းလျက်ရှိပြီး ဆီအုန်းစိုက်ပျိုးရေးကို ကျယ်ပြန့်စွာ လုပ်ကိုင်လာသည်။ သို့ဖြစ်၍ အင်ဒိုနီးရှားတွင် မုတ်သုံသစ်တောများကို အပြောင်ရှင်း၍ ဆီအုန်းခြံများကို ချဲ့ထွင်လျက်ရှိရာ အော်ရန်ဂူတန်မျောက်ဝံများမှာ နေထိုင်စရာ တောများ နည်းပါးလာလျက်ရှိသည်။

အင်တာနက်။

အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်း ဆန်ကူလီရန်သစ်တောအတွင်း တွေ့ရသော ရှားပါးအော်ရန်ဂူတန် မျောက်ဝံတစ်ကောင်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နှစ်သစ်မင်္ဂလာ သင်္ကြန်ပွဲ ပျော်ရွှင်စွာဆင်နွှဲ

တင်ထွင့်(တိုင်းရင်းဆေး)

တန်ခူးလသည် မြန်မာလများတွင် အစအဦး ပထမလဖြစ်၍ နွေဥတုတွင် ပါဝင်၏။ နွေရာသီကာလသို့ ဝင်ရောက်လာသည်မှာ လဝက်မျှသာ ကြာမြင့်သေးသော်လည်း အလွန်ပူပြင်းနေပြီဖြစ်ရာ "တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဆိုသကဲ့သို့ ရေတွင်းရေကန်များပင် ခြောက်ခန်းစ ပြုနေကြပေပြီ။ ထိုလရာသီတွင် တောလားစာဆိုတော်ကြီး ရှင်ဥတ္တမကျော်၏ "သဘင်ဂိမှာန် တာသင်္ကြန်ဟု၊ လေပြန်လွင့်ကူ၊ ဘုံသစ်ထူ၍" စသော တောလားအဖွဲ့အတိုင်း သစ်ရွက်များမှာ ရောင်ခြည်တစ်ထောင်အလင်းဆောင်သည့် နေမင်း၏ ပြောင်လက်ဝင်းထိန်နေသော အပူရှိန်အောက်ဝယ် မြစိမ်းရောင်မှ ရွှေဝါရောင်သို့ ပြောင်းကူးခြောက်သွေ့ကြရရှာသည်။

နွေဦးကာလသည် တန်ခူးလတွင် တောင်လေရူးကာ မြောက်လေနှင့် အပြန်တိုက်ခတ်လာသည့်အခါ ထိုသစ်ရွက်ခြောက်ကလေးများ သစ်ပင်များမှ ကြွေကျကြလေရာ တောကြီးတစ်ခုလုံး ရှင်းနေ လင်းနေလျက် သစ်ပင်များမှာလည်း အရိုးကျဲတဲ ဖြစ်နေကြပေသည်။ ထိုလတွင် အပူရှိန် ပြင်းထန်လာပြီဖြစ်သော်လည်း နှစ်သစ်ကူးသင်္ကြန်ကာလနှင့် ယင်းကာလ၏ ပတ်ဝန်းကျင်အချိန်များတွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ခန့် ရွာသွန်းလေ့ရှိရာ ၎င်းမိုးသည် မြေပြင်အနှံ့ ပြန့်ကြဲစုပုံတည်နေကြကုန်သော သစ်ရွက်ခြောက်များကို တိုက်စား ခြေဆွတ်ယူဆောင်သွားသည်ကို အကြောင်းပြု၍ "တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး" ဟူသော မိုးလင်္ကာဖွဲ့ဆိုကာ ထိုမိုးကို ဖက်ဆွတ်မိုးဟုလည်းကောင်း၊ သင်္ကြန်မိုးဟုလည်းကောင်း အသီးသီးခေါ်ဝေါ်ကြသည်။

ထိုသင်္ကြန်မိုး ရွာသွန်းဖြိုးလိုက်သည့်အခါ အရိုးပြိုင်းပြိုင်းဖြစ်နေသော သစ်ကိုင်းသစ်ခက်များတွင် ရွက်နု၊ ရွက်သစ်ကလေးများ ထွက်ပေါ်လာခြင်း၊ တန်ခူးလ၏ နေပူရှိန်ကြောင့် ကျက်နေသည့် မဟာပထဝီမြေကြီးမှာလည်း မြေသင်းရနံ့များ ပျံ့သင်းလာလေ့ရှိခြင်းတို့ကို ရှင်အဂ္ဂသမာဓိဆရာတော်က ဘုံခန်းပျို့တွင်"ခါလည်လုလု၊ ရတုသစ်သစ်၊ သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း၊ ကိန်းခန်းသင့်မော၊ ရွက်ရင့်လျှော၍၊ ရွက်ကျောနုလှန်၊ ရွက်သစ်ပြန်တည့်၊ ပန်းမာလ်ငုံကင်း၊ သုတ်လေညင်းနှင့်၊ မြေသင်းနံ့နံ့၊ တပျံ့ပျူးပျူး၊ မင်းလွင်မြူး လျက်၊ တန်ခူးလည်းကုန်၊ လကဆုန်သည်၊ ပဇ္ဇုန်ရိုက်မြည်ချုန်းချုန်းတည်း" ဟု ဖွဲ့ဆိုခဲ့လေသည်။

ဤလကို ဗေဒင်ဝေါဟာရအားဖြင့် မိဿရာသီဟုခေါ်ပြီး အပူကြိုက်သော ဆိတ်သတ္တဝါတို့ နှစ်သက်သောရာသီ၊ ဆိတ်နှင့်တူသော အဆင်းရှိသည့် ရာသီဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ဤတန်ခူးလတွင် စိတြနက္ခတ်သည် လမင်းနှင့်ယှဉ်ပြိုင်မွန်းတည့်၍ ရာသီရုပ်မှာ ဆိတ်ရုပ်ဖြစ်သည်။ ကံ့ကော်ပန်း၊ ရင်ခတ်ပန်း၊ ပိတောက်ပန်းတို့သည် ဤလ၏ ရာသီပန်းများဖြစ်ကြ ၏။ ဤလရာသီတွင် နှစ်သစ်ကူး သင်္ကြန်ရေသဘင်ပွဲကို ရာသီပွဲတော်အဖြစ် ဆင်နွှဲကျင်းပလေ့ရှိကြသည်။ ဤလ၌ နံနက် ၆ နာရီတွင် နေထွက်၍ ညနေ ၆နာရီတွင် နေဝင်သဖြင့် နေ့တာ ညတာ ညီမျှသော ရက်မစုံလဖြစ်၏။ ဤအချက်များကို အကြောင်းပြုလျက် စလေဆရာကြီး ဦးပုညက ရာသီဘွဲ့တေးထပ်ဖြင့် တန်ခူးလကို အောက်ပါအတိုင်း မှတ်တမ်းပြုထားခဲ့သည်။

"ဆယ့်နှစ်လီဒွါရမှာ၊ ခါမိဿရာသီ။ ယင်းအစဦးချိသည်၊ လတွင်မည် တန်ခူး။ စိတြကြယ်ပြောင်ငယ်၊ ညဥ့်သန်းခေါင်ကျခါမှမြူး။ နေ့နှင့်ည နာရီမှာ၊ သုံးဆယ်စီမကျူး။ နှစ်လုံးညီတပါဒ်ကူးလို့၊ နှစ်သစ်ဦးတစ်ခါ။ ပန်းကံ့ကော် ရွှေရင်ခတ်ကယ်တို့၊ ဖူးပွင့်ချပ်စီလို့သာဖြာ။ တည့်သုံးဖဝါးရိပ်ဆာယာမှာ၊ တူမကွာ မောင်မယ်နွဲ့လို့။ မြတ်သည့်ပွဲ သင်္ကြန်တော်၊ ထီးခြိမ့်ခြိမ့်ကြော်။ ထီးကမ္ဘရိပ်ပျော်ငယ်၊ ခေါင်းလျှော်တော်မူမြဲထင့်လေး။"

တန်ခူးလကို တာကူးဟုလည်းရေးသားကြသည်။ တန်ခူးလ၏ အဓိပ္ပာယ်မှာ ထန်းသီးဆွတ်သောလ၊ ထန်းသီးခူးလဟု မြန်မာလအမည်များစာအုပ်တွင် ဖွင့်ဆိုထားပါသည်။ တာကူးလကို ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် သင်္ကြန်အတာကူးပြောင်းသောလဟု လည်းကောင်း၊ ဝေါဟာရတ္ထပကာသနီကျမ်းနှင့် ပညာရှင်အချို့က တာဝန်လွှဲပြောင်းသောလဟု လည်းကောင်း၊ မြန်မာလအမည်များစာအုပ်တွင် နှစ်ပြောင်းလ (တာ=နှစ်၊ ကူး=ပြောင်း)ဟုလည်းကောင်း၊ အချို့ပညာရှင်များက နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ပြောင်းသောလ ဟု လည်းကောင်း အသီးသီး အဓိပ္ပာယ်ဖွင့်ဆိုကြလေသည်။

"သင်္ကြန်တန်ခူး၊ နှစ်ဦးညောင်ရေ၊ စာပုလွေခင်း၊ ပဉ္စင်းတော်ခံ၊ စာရေးတံနှင့် မြစ်ယံပွဲကြီး၊ ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊ မြင်းခင်းထွက်ဝင်၊ သဘင် မီးပုံ၊ ဂူလုံးသဲပုံ၊ စေ့စုံစီလျှင်၊ ဤသို့ယှဉ်သား၊ အစဉ်ပြုမြဲ၊ ဆယ့်နှစ်ပွဲတည်းဟု စာဆိုရှင်လက်ဝဲသုန္ဒရ၏ သာဓိနပျို့နှင့်အညီ တန်ခူးလချိန်ခါရောက်သည်နှင့် သင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲကြသည်။

သင်္ကြန်သည် "သင်္ကန္တ"ဟူသောပါဠိစကား၊ "သင်္ကြာန္တ" ဟူသော သက္ကတ စကားမှလာသည်။ သက္ကတရရစ်သံဖြင့် သင်္ကြန်ဟူသော မြန်မာစကားဖြစ်ပေါ်လာခြင်းဖြစ်၏။ "နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည်"ဟု အနက် အဓိပ္ပာယ် ရရှိပါသည်။

သာသနာဝင်ကျမ်းတို့၌ အတာကူးသော တန်ခူးလအခါတွင် ကပိလဝတ်ပြည်၌ နေထိုင်ကြကုန်သော သာကီဝင်မင်းတို့သည် နှလုံးမွေ့လျော်ဖွယ်ရှိသော ဒေဝဒဟရေအိုင်ကြီးအနီး၌ မင်းတဲဆောက်၍ ရေဖျန်းသဘင် ပျော်ရွှင်စွာ ကစားကြရာ "ရေသဘင်အစ ဒေဝဒဟက"ဟု ရှေးစာဆိုရှင်များက မိန့်ဆိုခဲ့ကြလေသည်။ မှန်နန်းရာဇဝင်၌ "နရသီဟပတေ့ခေါ် ပုဂံမင်းသည် နွေလအခါ ဧရာဝတီမြစ်ဆိပ်တွင် မင်းတဲလုံချွံစွာဆောက်၍ နန်းတော်မှ မြစ်ဆိပ်အရောက် လူသူမမြင်သော တဲနန်းဥမင်ဖြင့်ကြွတော်မူ၍ မိဖုရား၊ မောင်းမမိဿံတို့နှင့်အတူ ရေဖျန်းသဘင် ဆင်ယင် ကျင်းပသည်" ဟု ရေးသားထားသည်ကို တွေ့ရှိ ရပါသည်။

ရေပက်ဖျန်းခြင်းဓလေ့ကို မည်သို့ပင်အဓိပ္ပာယ် ဖွင့်ဆိုကြသည်ဖြစ်စေ မြန်မာတို့အနေဖြင့် နှစ်သစ်ကူးမင်္ဂလာအချိန်တော်တွင် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားကြခြင်းသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြောသန့်စင်ခြင်း၊ ရေကိုသား၍ အကြားမထင်ဘဲ တစ်ဆက်စပ်တည်း ဖြစ်ပေါ်နေသည့်အလား တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင်၍ ချစ်ခင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းတည်းဟူသော ရေနိမိတ်သုံးပါးကို မှတ်ယူလျက် ရေပက် ဖျန်းကစားလေ့ရှိကြသည်။

တန်ခူးလ နှစ်သစ်ကူးပွဲတော်၌ မြန်မာတို့သည် နံ့သာရည်များဖြင့် တစ်ဦးနှင့်တစ်ဦး သွန်းလောင်းပျော်မြူးလေ့ရှိပုံကို အင်းဝခေတ်စာဆိုဦးအောင်ကြီးက အင်းဝမြို့ဘွဲ့ ဆယ်နှစ်လရာသီလူးတားတွင် "တောင်လေသုတ်ဖြူး၊ လတန်ခူးမူ၊ မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပလွှရရွှတည့်။ ငြိမ့်မျှစောင်းငြင်း၊ အဲသီချင်းနှင့် ထုံသင်းနံ့သာ၊ ရေသီတာဝယ် စမ္ပာကရမက်၊ ပန်းပေါင်းဖက်၍၊ ရွှေခွက်အပြည့်၊ မွှေးမျိုးထည့်မှ၊ လည်လှည့် ဆူလှယ်တင့်စပွယ်လျက်၊ ပြုံးရယ်ရွှင်အား၊ စံပျော်ပါးသည်၊ ကစားထုံရည်၊ ဖျန်းတည့်လေး၊ ပွင့်လင်း စည်သည်၊ ရွှေပြည်ရွှေဝနန်းတည့်လေး"ဟူ၍ ဖွဲ့ဆိုထားပါသည်။ ယင်းသို့ ဖွဲ့ဆိုထားသည့်အတိုင်း ရှေးအခါက မြန်မာတို့ ရေပက်ဖျန်းကစားကြရာတွင် စမ္ပာကရမက် စသော သင်းပျံ့မွှေးကြိုင်သည့် နံ့သာရည်၊ အမွှေးရည်တို့ဖြင့် ယဉ်ကျေးစွာ ပက်ဖျန်းလေ့ရှိကြသည်။

မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ခြင်း၊ မေတ္တာအရင်းခံလျက် သန့်စင်စွာရေကစားခြင်းမှာ အံ့သြစရာကောင်းလောက်အောင် ထူးခြားလှသည်ကို ဘိုးတော်မင်းတရားလက်ထက် ၁၇၉၅ ခုနှစ်တွင် ကက်ပတိန်မိုက်ကယ်ဆိုင်းဆိုသူ ဗြိတိသျှသံအမတ်တစ်ဦးက ၎င်း၏ စာအုပ်တွင် မှတ်တမ်းတင်ခဲ့ကြောင်း မှတ်သားရသည်မှာ မြန်မာတို့ အတွက် ဂုဏ်ယူဖွယ်ဖြစ်ပါသည်။

မြန်မာတို့သည် ရှေးအခါမှစ၍ သင်္ကြန်ပွဲတော်ကို ပြက္ခဒိန်အဖွဲ့က သတ်မှတ်ပေးသောရက်များအရ အကျရက်၊ အကြတ်ရက်၊ အတက်ရက်ဟူ၍ သုံးရက် ကျင်းပမြဲဖြစ်သည်။ သင်္ကြန်အခါတော်ကာလတွင် သာမက နှစ်သစ် ကူးသည့် ပထမနေ့ဖြစ်သော "နှစ်ဆန်းတစ်ရက်နေ့"ကို "နှစ်သစ်မင်္ဂလာ အခါတော်နေ့"အဖြစ် သတ်မှတ်ကာ ၎င်းနှစ်သစ်မင်္ဂလာ အခါတော်နေ့ တွင်ပါ စေတီပုထိုးနှင့် ရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်း၊ ကျောင်းကန်၊ ဘုရားများသို့ သွားရောက်၍ ရေကုသိုလ်ပြုကြခြင်း၊ သက်ကြီးရွယ်အို အဘိုးအဘွားများအား ဂါရဝပြုခြင်း၊ ဝေယျာဝစ္စပြုလုပ်ပေးခြင်း၊ ဇီဝိတဒါန သက် လွှတ်ပွဲများ ပြုလုပ်ခြင်း၊ ကျေးရွာအလိုက်၊ ရပ်ကွက်အလိုက် ပရိတ်တရားတော်များနာယူခြင်းစသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်လေ့ရှိကြပေသည်။

ယင်းသို့မွန်မြတ်သန့်စင် မြတ်နိုးလေးစားဖွယ်ဖြစ်သည့် ကုသိုလ်ကောင်း မှုပြုခြင်းများသည် ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ဖွယ်ကောင်းသည့် မြန်မာ့သင်္ကြန်ပွဲ၏ အနှစ်သာရများဖြစ်ပေသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့ကို မင်္ဂလာအခါတော်နေ့အဖြစ် ကျင်းပရခြင်းမှာ ကမ္ဘာသူ၊ ကမ္ဘာသားများအနိဋ္ဌာရုံများ ပပျောက်ပြီး ဣဋ္ဌာရုံအပေါင်းနှင့် ပြည့်စုံကြစေရန်၊ ဘေးဥပဒ်အန္တရာယ် ကင်းဝေးကြစေရန်၊ မကောင်းသော စိတ်ဓာတ်များကိုဖယ်ရှားပြီး ကောင်းသောစိတ်ဓာတ်များကို မွေးမြူကြစေရန် ဟိရိဩတ္တပ္ပတရားနှစ်ပါး ထွန်းကားကြစေရန်၊ ဗြဟ္မာဝိဟာရတရားလေးပါး ထွန်းကားပြန့်ပွားစေရန်နှင့် မင်္ဂလာတရားတော်များ ထွန်းကားပြန့်ပွားစေရန် ဖြစ်ပါသည်။

သို့ဖြစ်ရာ ဤနှစ်သစ်မင်္ဂလာ အခါသမယဝယ် ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ ပူဇာစပူဇနေယျာနမင်္ဂလာ၊ ဓမ္မာစရိယမင်္ဂလာ၊ ဓမ္မသဝနမင်္ဂလာ၊ အနဝဇ္ဇာနိကမ္မာနိမင်္ဂလာစသည့် ပြုဆောင်ဖွယ်ရာများကို ပြုလုပ်ဆောင်ရွက် မင်္ဂလာယူကြရင်း မင်္ဂလာတရားတော်နှင့် ဖီလာဆန့်ကျင်သော ရှောင်ကြဉ်ဖွယ်ရာ မကောင်းမှုတို့ကိုရှောင်ကြဉ်ကြကာ ကောင်းမြတ်သော အကျိုးတရားများ ရရှိခံစားနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ရေးသားတင်ပြလိုက်ရပေသည်။ ။

မြန်မာတို့အနေဖြင့် နှစ်သစ်ကူးမင်္ဂလာအချိန်တော်တွင် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားကြခြင်းသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြောသန့်စင်ခြင်း၊ ရေကိုသား၍ အကြားမထင်ဘဲ တစ်ဆက်စပ်တည်း ဖြစ်ပေါ်နေသည့်အလား တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင်၍ ချစ်ခင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းတည်းဟူသော ရေနိမိတ်သုံးပါးကို မှတ်ယူလျက် ရေပက်ဖျန်းကစားလေ့ရှိ. . .

ဖဲကြိုးဖြတ် ဖွင့်လှစ်

ဧပြီ ၁၃ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကွန်ပျူတာမိသားစုများ၏ Click Me ရေကစားမဏ္ဍပ်အား မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွန်းဖေတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(ကွန်ပျူတာလုပ်ငန်းရှင်အသင်း)

ယခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းစုစုပေါင်း ဧက ၉၄၄၀ ကျော် ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် ဧပြီ ၁၃

ဧပြီ ၄ ရက်မှ ၁၀ ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်း၊ ညောင်ရွှေနှင့် လင်းခေးမြို့တို့အတွင်းမှ ဘိန်းခင်း ၁၉ ဒသမ ၁ ဧက (၇ ဒသမ ၇၃ ဟက်တာ)ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ယခုနှစ် ဘိန်းစိုက်ရာသီတွင် ပြည်နယ်နှင့် တိုင်းများအတွင်းမှ ဘိန်းခင်းစုစုပေါင်း ၉၄၄၄ ဒသမ ၄၆ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

✻ မှိုမှ

သွေးမဆုံးမီနှင့် သွေးဆုံးပြီးချိန် နှစ်ခုစလုံး၌ ရင်သားကင်ဆာဖြစ်ပွားခြင်း သိသိသာသာလျော့နည်းသွားကြောင်း သုတေသီများက ပြောကြားသည်။

လက်ဖက်ရည်ကြမ်းနှင့် မှိုများသည် ကင်ဆာဖြစ်နိုင်ခြေကို လျော့နည်း ကျဆင်းစေကြောင်း ယခင်သုတေသနပြုမှုများက ဖော်ပြခဲ့ကြသည်။ ထိုအချိန်မှာပင် ရင်သားကင်ဆာဖြစ်နိုင်ခြင်းကိုလည်း လျော့နည်းစေသည်ကို အတည်ပြုရန် သုတေသနပြုခဲ့ကြခြင်းဖြစ်သည်။

အင်တာနက်။

ဖလမ်းမြို့နယ် ရမ်ကလောင်းကျေးရွာ စံပြလက်ဖက်စိုက်ခင်း တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် မေ ၁ ရက်တွင် ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ် ရမ်ကလောင်းကျေးရွာသို့ရောက်ရှိပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စံပြလက်ဖက်စိုက်ခင်းတစ်ဧကအတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော နမ့်ဆန်မျိုး လက်ဖက်ပင်များမှ လက်ဖက်ဆွတ်ခူးနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြ၍ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

မဟာဝိဇယစေတီတော်ကြီး၌ ဘာနုရာဇာနေမင်းကြီးက မြတ်စွာဘုရားအား ဦးခိုက်ပူဇော်မည်

နေပြည်တော် မေ ၁၃

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပ္ပရာဇိတပလ္လင်ပေါ်တွင် သီတင်းသုံးစံပယ်လျက်ရှိသည့် နာဂစီဝရာ ပဋ္ဌပဋ္ဌိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်ကို ရောင်ခြည်တစ်ထောင်အလင်းဆောင်သော ဘာနုရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင်တစ်လ၊ တစ်လတွင်တစ်ရက်၊ မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် ဦးတန်ခူး လပြည့်ကျော် ၈ရက် (မြန်မာနှစ်ဆန်း ၁ရက်နေ့) မေ ၁၇ရက် နံနက် ၈နာရီ ၃၅မိနစ်တွင် တစ်ကြိမ်၊ ထိုနေ့ညနေ ၃နာရီ ၂၅မိနစ်တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်မည်ဖြစ်သည်။

နေမင်းကြီးက မြတ်စွာဘုရားအား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားအားပူဇော်၍ ဆုတောင်း အဓိဋ္ဌာန်ပြုကြသူများ အဓိဋ္ဌာန်အောင်မြင်ပြီး ဆုတောင်းပြည့်ဝနိုင်ကြသည့်အတွက် ထူးမြတ်လှသောအချိန်အခါတွင် မဖူးလိုက်ရမရှိရလေအောင် သွားရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❀ ကျောဖုံးမှ

ပြိုင်ပွဲ အပြိုင်နွှဲသည့်ဓလေ့မှာ ယနေ့တိုင်အစဉ်အလာမပျက် ဆက်လက်ကျင်းပခဲ့ကြကြောင်း သိရသည်။

နံ့သာသွေးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသောင်းက နံ့သာသွေးပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲဝင် စည်းကမ်းများနှင့် အမှတ်ပေးနည်းစနစ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တစ်ဖွဲ့လျှင် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းရှိ ရခိုင်တိုင်းရင်းသူငါးဦးက တူညီဝတ်စုံဖြင့် ပြိုင်ပွဲဝင်ကြရာ တစ်ကြိမ်လျှင်ငါးဖွဲ့ ၂၅ ဦးမှ ၅ မိနစ်တွင်း အသင့်ချထားပေးသည့် ကျောက်ပြင်၊ နံ့သာဖြူ နံ့သာနီ၊ ရေတို့နှင့် ဒိုင်အဖွဲ့မှ ခရာမှုတ်သည်နှင့်တစ်ပြိုင်တည်း အားပါးတရ သွေးကြသည်။

ယင်းအချိန်တွင် ခန်းမစင်မြင့်ထက်ရှိ မြန်မာ့ဆိုင်းဝိုင်းကြီးက တေးသံသာများဖြင့်လည်းကောင်း၊ အမေတို့အဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့အစရှိသည့် ယိမ်းအဖွဲ့များက ကပြဖျော်ဖြေနေပြီး အမှတ်ပေးအကဲဖြတ်ဒိုင်အဖွဲ့က လိုက်လံကြည့်ရှုအမှတ်ပေးကြသည်။

ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်မှုကို အကဲဖြတ်အဖွဲ့ အမှတ်ပေးစဉ်။

အမှတ်ပေးရာတွင် ဝတ်စားဆင်ယင်မှု ၁၀ မှတ်၊ သေသပ်သန့်ရှင်းမှု ၁၀ မှတ်၊ သွက်လက်ဖျတ်လတ်မှု၊ စိတ်ဝင်စားမှု၊ ခွန်အားစိုက်ထုတ်မှု ၁၀ မှတ်၊ အရွယ်ညီညာရုပ်ရည်သန့်ပြန့်မှု ၁၀ မှတ်၊ နံ့သာရည်ရရှိမှု ၃၀ မှတ်၊ နံ့သာနှစ်ရရှိမှု ၃၀ မှတ်တို့ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၅၄ သင်းပါဝင်ယှဉ်ပြိုင်ကြသည်။

နံ့သာသွေးပြိုင်ပွဲကို နှစ်ရက်ခွဲ၍ ကျင်းပသည်။ စာရေးသူမှာ ဒုတိယနေ့တွင်လည်း တက်ရောက်အားပေးခဲ့သည်။ ပြိုင်ပွဲဝင်အသင်းတိုင်းမှာ တူညီဝတ်စုံများကို လှပသေသပ်စွာဖြင့် ရိုးရာအတိုင်း ရင်စေ့အင်္ကျီလက်ရှည်များ ဝတ်ဆင်သည်။ သနပ်ခါးသွေးရာတွင် လက်နှစ်ဖက်စလုံးလှုပ်ရှားရမည်ဖြစ်၍ လက်သည်းများအားလုံး ညှပ်ထားသဖြင့် သန့်ရှင်းနေကြသည်။ အများအားဖြင့် အသက်နှစ်ဆယ်ဝန်းကျင် ရခိုင်သမီးပျိုများ ဖြစ်ကြသည်။

ပြိုင်ပွဲစသည်နှင့် ငါးသင်းစလုံး အပြိုင်နွှဲကြသည်။ ၅ မိနစ်အတွင်း မနားမနေ နံ့သာသွေးကြပြီး ရရှိလာသည့် နံ့သာအားလုံးကို ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပူဇော်မည်ဖြစ်သဖြင့် ချွေးကျသော်လည်း ထူးခြားမွှန်မြတ်သည့် ကုသိုလ်ဖြစ်၍ ပြိုင်ပွဲဝင် ၂၇၀ စလုံး ပြုံး၍ပျော်နေကြသည်။ မမောနိုင်ပါ။

နံနက် ၁၀ နာရီခန့်တွင် ပွင့်တော်မူပြီးသော နှစ်ကျိပ်ရှစ်ဆူဘုရားရုပ်ပွားတော် အဆူဆူအား နေ့အလိုက် နံ့သာသွေးပြိုင်ပွဲမှ ပြိုင်ပွဲဝင်နံ့သာစစ်စစ်များဖြင့် ဆရာတော်များနှင့် ပရိသတ်များက ပက်ဖျန်းပူဇော်ကြသည်။

ရင်ပြင်တော်တစ်ခုလုံး မွှေးကြိုင်နေပါသည်။ အမှတ်မထင်ကြုံကြိုက်ရသော ရခိုင်တိုင်းရင်းသားများ၏ အနှစ်သာရပြည့်ဝလှသည့် နံ့သာသွေးပြိုင်ပွဲကား ကျွန်တော်တစ်သက် မမေ့နိုင်တော့ပါ။ ။

ပြည်နယ်ရဲတပ်ဖွဲ့ သမီးပျိုများယိမ်းအဖွဲ့ ကပြဖျော်ဖြေနေစဉ်။

မအူပင်မြို့နယ် အမှတ်(၂) ငါးမွေးမြူရေးစခန်း(ဝါးတော) ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မေ ၁၂ရက်တွင် ဧရာဝတီတိုင်း မအူပင်မြို့နယ်ရှိ အမှတ်(၂) ငါးမွေးမြူရေးစခန်း(ဝါးတော)သို့ ရောက်ရှိပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ငါးမွေးမြူရေးစခန်း တာဝန်ခံတို့နှင့် တွေ့ဆုံ၍ ဖော်ယူရောင်းချပြီးစီးမှုနှင့် ရာသီချိန်အမီ ပြန်လည်ထည့်သွင်း မွေးမြူပြီးစီးမှု အခြေအနေများ တင်ပြချက်အပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ ပြန်လည်ထည့်သွင်း မွေးမြူပြီးစီးသည့်ကန်များ၌ ငါးများ၏ ကြီးထွားနှုန်းကောင်းမွန်မှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ ကျင်းပသည့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၏ (၁၈)ကြိမ်မြောက် နှစ်ဦးအကြိုမဟာသင်္ကြန် အလှူမင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများသည် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ အသက်(၁၀၄)နှစ်ရှိ ဘွားအေးမေနှင့် အဘိုးအဘွားများအားလည်းကောင်း၊ ဘိုးဘွားဆေးရုံတွင် ဆေးကုသမှုခံယူနေသော ဘိုးဘွားများအားလည်းကောင်း လှူဖွယ်ပစ္စည်း၊ ဆေးဝါးများနှင့် လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

မဟာသင်္ကြန် အကြိုနေ့က နေပြည်တော်လယ်ဝေး လမ်းတစ်လျှောက်ရှိ မဟာသင်္ကြန် ရေကစားမဏ္ဍပ်များတွင် ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းအောင် ရန်ကုန်အရှေ့ပိုင်းခရိုင် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ် ရခိုင်ရိုးရာရေကစားမဏ္ဍပ် ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၄၃)လမ်းထိပ်ရှိ (၈)ရပ်ကွက် ပိတောက်ရိပ်မိသားစု၏ ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

သင်္ကြန်အကြိုနေ့က ရန်ကုန်မြို့ အင်းလျားလမ်းတွင် ရေကစားသူများနှင့် ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

သဘောမှာ ရေကိုသားသော် အကြားမထင် ဆိုသော စကားနှင့်အညီ မပြိုမကွဲ တစ်သားတည်းရှိသောသဘော၊ အညစ်အကြေးတို့ကို စင်ကြယ်အောင် ဆေးကြောနိုင်သောသဘော၊ ကြည်လင်အေးမြစေသော သဘောတို့ကို ဆောင်သည်ဖြစ်၍ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အတာရေပက်ဖျန်းကြခြင်းမှာ မပြိုမကွဲ တစ်သားတည်း ချစ်ခြင်းမေတ္တာ၊ မကောင်းသော ပါပအညစ်အကြေးတို့ စင်ကြယ်စေလိုသော ကရုဏာ၊ ကြည်လင်အေးမြမှုကို ခံစားရသဖြင့် ဝမ်းမြောက်မှု မုဒိတာစသည့် ကုသိုလ်တရားများ ပွားများစေသည့် မဟာသင်္ကြန်ကာလ မြန်မာတို့၏ကောင်းမှုပွဲတော်ပင်ဖြစ်သည်။

ထိုသို့ ကုသိုလ်ကောင်းမှုတရားများ ရရှိစေမည့် မဟာသင်္ကြန်ပွဲတော်၏ အကြိုနေ့မှ စတင်၍ နေပြည်တော်တစ်ခွင်ရှိ တန်ခိုးကြီးဘုရားများ၊ ကျောင်း၊ ကန်၊ စေတီပုထိုးများတွင် ကုသိုလ်ပုညဆည်းပူးသူများ၊ ဒါန သီလ ဘာဝနာ ပွားများကြသူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော်ပျဉ်းမနား

ထို့အတူ ညနေပိုင်းတွင် နေပြည်တော်ပျဉ်းမနား ဗိုလ်ချုပ်လမ်းတစ်လျှောက်၊ နေပြည်တော် လယ်ဝေး လမ်းတစ်လျှောက်တို့ရှိ မဟာသင်္ကြန်ရေကစားမဏ္ဍပ်များ၌ အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားလျက်ရှိကြရာ နေပြည်တော်ပျဉ်းမနားအတွင်း သင်္ကြန်တေးသီချင်းသံများဖြင့် ဖုံးလွှမ်းပျံ့လွင့်လျက်ရှိသည်။

ရန်ကုန်မြို့

၁၃၇၀ပြည့်နှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တက်ရောက်၍ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ကပြဖျော်ဖြေ

ထို့နောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းကို သံပြိုင်သီဆိုကြပြီး ကကြိုးကကွက် စုံညီစွာဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် ၁၂ ဦးနှင့် ၁၆ ဦး ယိမ်းပြိုင်ပွဲများ၌ မူကြို(၃) မင်္ဂလာဒုံ၊ ဒေါပုံ၊ သဃ်န်းကျွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်များ၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်စာပေနှင့်ယဉ်ကျေးမှုပြိုင်ပွဲဝင်အသင်းများက ဝင်ရောက်ယှဉ်ပြိုင် ဖျော်ဖြေကြောင်း သိရှိရသည်။

စည်ကားသိုက်မြိုက်

အလားတူ ၁၃၇၀ ပြည့်နှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြိုနေ့တွင် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်အသီးသီးတို့ရှိ မဟာသင်္ကြန်ရေကစားမဏ္ဍပ်များနှင့် ဖျော်ဖြေရေးမဏ္ဍပ်များကို ညနေပိုင်းတွင် စည်ကားသိုက်မြိုက်စွာဖြင့် ဖွင့်လှစ်ကြပြီး ပျော်ရွှင်စွာ ရေကစားကြသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့၌ ရေကစားမဏ္ဍပ် ၁၇ ခု ပါဝင်၍ ပျော်ရွှင်စွာ ရေကစားကြရာ ရှေးဦးစွာ အင်းစိန်မြို့နယ် ရွှေရည်နံ့သာ ဗဟိုရေကစားဆုပေးမဏ္ဍပ် ဖွင့်ပွဲကို ညနေ ၃ နာရီတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရွှေအိနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကိုကိုအောင်တို့က ဖဲကြိုးဖြတ်၍ မဏ္ဍပ်ကို ဖွင့်လှစ်ပေးကြသည်။

လှိုင်သာယာ

ဆက်လက်၍ လှိုင်သာယာမြို့နယ်ရှိ ရွှေပြည်သစ်ရေကစားမဏ္ဍပ်၊ ရခိုင်ရိုးရာ ရေကစားမဏ္ဍပ်၊ (၇)ရပ်ကွက်ရှိ ငွေဦးရတနာ ရေကစားမဏ္ဍပ်နှင့် (၁၀)ရပ်ကွက်ရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမဏ္ဍပ်၊ ရွှေပြည်သာမြို့နယ်ဗဟိုရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားများကို ဆက်လက်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ မဏ္ဍပ်များကို ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားများ အပြီးတွင် သင်္ကြန်ယိမ်းအက လှပျိုဖြူလေးများက မြနန္ဒာသီချင်းကို သံပြိုင်သီဆို၍ ကပြဖျော်ဖြေကြသည်။

ယနေ့မဟာသင်္ကြန် အကြိုနေ့တွင် သင်္ကြန်လက်ဆောင်မိုးနှင့်အတူ သင်္ကြန်ချစ်သူ ပြည်သူအပေါင်းတို့သည် နံနက်ပိုင်းမှ စတင်၍ ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြရာ ရန်ကုန်မြို့ အင်းလျားလမ်း တစ်လျှောက်တွင် ရေပက်မဏ္ဍပ်များနှင့် ရေပက်ခံကားများ၊ ရေကစားကြသူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်

ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၌ မဟာသင်္ကြန်အကြိုနေ့တွင် မဟာသင်္ကြန်မဏ္ဍပ်များ စတင်ဖွင့်လှစ်ပြီး ပျော်ရွှင်စွာ ရေကစားကြရာ ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ညနေ ၄ နာရီတွင် သာကေတမြို့နယ် အနော်မာရပ်ကွက် ဧရာဝဏ်လမ်းရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တေးသံရှင် စိမ်းမို့မို့နှင့် တေးသံရှင်များက မြန်မာ့ဆိုင်းဝိုင်းနှင့်တွဲဖက်၍ မြနန္ဒာသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ယိမ်းအဖွဲ့များက ဆင်နွှဲဖျော်ဖြေကြသည်။

ထို့အတူ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် (၁၈)ရပ်ကွက် မိသားစု၏ အကနှင့် အလှပြယာဉ်ကလည်း ပါဝင်ဆင်နွှဲဖျော်ဖြေကာ ပျော်ရွှင်စွာ ရေကစားကြသည်။

မင်္ဂလာတောင်ညွန့်

အလားတူ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိမင်္ဂလာဈေးမိသားစုများ၏ ရွှေတြိဂံ ရေကစားမဏ္ဍပ်နှင့် ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၄၃) လမ်းထိပ်ရှိ (၈) ရပ်ကွက် ပိတောက်ရိပ်မိသားစု၏ ရေကစားမဏ္ဍပ်တို့ကို ညနေပိုင်းတွင် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး ပျော်ရွှင်စွာ ရေကစားကြသည်။

ထို့အတူ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဗဟိုရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ညနေ ၄ နာရီခွဲတွင် (၂၆)ရပ်ကွက် ပြည်ထောင်စုလမ်းရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်

နှစ်လိုဖွယ်ရာ အတ
ကြည်လင်အေးမြသည့်
အေးချမ်းသာယာ ပြ
တိုင်းရင်းသားပြည်သူမ

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် တင်ငွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့ မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် မန္တလေးမြို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

အလှပြယာဉ်ကလည်း ပါဝင်ဧည့်ခံဖျော်ဖြေကြကာ ပျော်ရွှင်စွာ ရေကစားကြသည်။

မင်္ဂလာတောင်ညွန့်

အလားတူ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိမင်္ဂလာဈေးမိသားစုများ၏ ရွှေတြိဂံ ရေကစားမဏ္ဍပ်နှင့် ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၄၃) လမ်းထိပ်ရှိ (၈) ရပ်ကွက် ပိတောက်ရိပ်မိသားစု၏ ရေကစားမဏ္ဍပ်တို့ကို ညနေပိုင်းတွင် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး ပျော်ရွှင်စွာ ရေကစားကြသည်။

ထို့အတူ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဗဟိုရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ညနေ ၄ နာရီခွဲတွင် (၂၆)ရပ်ကွက် ပြည်ထောင်စုလမ်းရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဗဟိုရေကစားမဏ္ဍပ်ကို ဖွင့်လှစ်ပေးကြပြီး တေးသံရှင်များက မန်းတောင်ရိပ်ခို သီချင်းကို မြန်မာ့ဆိုင်းဝိုင်းနှင့် တွဲဖက်ကာ သီဆိုဖျော်ဖြေကြ၍ ယိမ်းအဖွဲ့က ဧည့်ခံဖျော်ဖြေကြကာ ပျော်ရွှင်စွာ ရေကစားကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်၌ ယခုနှစ်မဟာသင်္ကြန်ပွဲတော်တွင် ရေကစားမဏ္ဍပ် ၆၂ ခု ဆောက်လုပ်ကာ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ကွန်ပျူတာ မိသားစု၏ Click Me ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အဆိုပါရေကစားမဏ္ဍပ်၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွန်းဇေတို့က ဖဲကြိုးဖြတ်၍ ရေကစားမဏ္ဍပ်ကို ဖွင့်လှစ်ပေးကြပြီး ကွန်ပျူတာမိသားစုဝင်များသည် စတင်၍ ပျော်ရွှင်စွာ ရေကစားကြသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် မန္တလေးမြို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့ရှိ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် တင်ငွေ တက်ရောက်အားပေးပြီး ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ အစီအစဉ်အရ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

မန္တလေးမြို့တော်ဝန်မဏ္ဍပ်ဖွင့်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် တင်ငွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မြို့တော်ဝန်မဟာ သင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းသို့တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးလိုက်သည်နှင့်တစ်ပြိုင်တည်း မဏ္ဍပ်ရှေ့ရှိ လှပျိုဖြူလေးများ၊ ကျောင်းသူလေးများက မိုးပျံပူဖောင်းများအား လွှတ်တင်ပေးကြသည်။

အပြန်အလှန်ပက်ဖျန်း

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး၊ မြို့တော်ဝန်နှင့် ဇနီး၊ ကော်မတီဝင်များ၊ ဧည့်သည်တော်များနှင့် ရပ်ရှင်၊ ဂီတအနုပညာရှင်များသည် နံ့သာရည်များဖြင့် အတာရေများ အပြန်အလှန် ပက်ဖျန်းကြသည်။

ထို့နောက် မန်းစည်ပင် တေးဂီတအဖွဲ့နှင့်အတူ အနုပညာရှင်များ၊ မန်းစည်ပင် ယိမ်းအကအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှကျောင်းသူလေးများ စုစုပေါင်း အက၊ အလှအဖွဲ့ အင်အား ၄၀၀၀ ကျော်တို့က သင်္ကြန်တေးများ သီဆို၍ ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် သင်္ကြန်အလှပြယာဉ်များသည် မန္တလေးမြို့ဂုဏ်ဆောင် မြို့မငွေငန်းဖြူ အလှပြယာဉ် ဦးဆောင်လျက် ၎င်း၏နောက်မှ မန္တလေးတိုင်းအတွင်းရှိ ခရိုင် ခုနစ်ခရိုင်မှ အလှပြယာဉ်များက အစီအစဉ်အတိုင်း မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှ ဖြတ်သန်းဂါရဝပြုနှုတ်ဆက်ကြရာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး လက်ပြနှုတ်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မန်းစည်ပင် တေးဂီတအဖွဲ့နှင့်အတူ တွဲဖက်၍ ရုပ်ရှင်၊ ဂီတအနုပညာရှင်များက သင်္ကြန်ချစ်သူ ပြည်သူများအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ မန္တလေးမြို့ မဟာသင်္ကြန်ပွဲတော်အကြိုနေ့တွင် မန္တလေးနန်းမြို့ရိုး ကျုံးပတ်လည်နှင့် မြို့တွင်းရပ်ကွက်များရှိ အလှပြမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များတွင် သင်္ကြန်ချစ်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

နန်းမြို့သူမဏ္ဍပ်တွင် လှပျိုဖြူများ ကပြဖျော်ဖြေကြစဉ်။
(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ နန်းမြို့သူမဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မဟာဗန္ဓုလလမ်းနှင့် (၄၃)လမ်းထိပ်ရှိ
သားစု၏ ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်း
(သတင်းစဉ်)

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် နန်းမြို့ ကျုံးတောင်ဘက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားနေကြစဉ်။
(သတင်းစဉ်)

ိုဖွယ်ရာ အတာသင်္ကြန်ရေသဘင်
င်အေးမြသည့် ရေစင်ဖြင့် ပက်ဖျန်း
ျမ်းသာယာ ပြည်မြန်မာတစ်ဝန်းမှ
းသားပြည်သူများ ပျော်ရွှင်လန်းဆန်း



မကျီးကုန်းကတ္တရာလမ်းသစ်ဖွင့် ဒေသခံပြည်သူများ ရာသီမရွေးသွားလာနိုင်

ရန်ကုန် ဧပြီ ၁၃

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မကျီးကုန်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၆ရက်က မကျီးကုန်းလမ်းမုခ်ဦး၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက အိုးစည်ဒိုးပတ်အဖွဲ့အား အလှူငွေပေးအပ်ပြီး ကတ္တရာလမ်းသစ်မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်က အောင်ဆန်းရပ်ကွက် မကျီးကုန်းလမ်း ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မကျီးကုန်းလမ်း ကတ္တရာလမ်း သစ်ဖွင့်လှစ်ပေးခြင်းအတွက်အောင်ဆန်း ရပ်ကွက်ရပ်မိရပ်ဖဦးဝင်းထိန်က ကျေးဇူး တင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း စည်ပင် သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ်က မကျီးကုန်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် အလံများကို ပေးအပ်သည်။

ဆက်လက်၍ မကျီးကုန်းလမ်း ကတ္တရာလမ်းသစ်ကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ်၊ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုး သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။ **(ဝဲပုံ)**

လမ်းဖွင့်ပွဲအပြီးတွင် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။ မကျီးကုန်း ကတ္တရာလမ်းသစ်မှာ အကျယ် ၁၂ပေ၊ အရှည်ပေ ၃၆၀၀ ရှိပြီး မြို့နယ်စည်ပင် သာယာရေးအဖွဲ့က ငွေကျပ်၂၆၀၄၅၀၀၀ အကုန်အကျခံ၍ ဖောက်လုပ်ထားခြင်း ဖြစ်သည်။ မကျီးကုန်းလမ်း ကတ္တရာ လမ်းသစ်ဖွင့်လှစ်သည့်အတွက် ဒေသခံ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးများ ဖွံ့ဖြိုး တိုးတက်ပြီး ရာသီမရွေး ဆက်သွယ် သွားလာနိုင်ကြပြီ ဖြစ်သည်။ (၁၁၁)

ကျောက်ခဲ့စက်၊ နိုင်လွန်ကတ္တရာစက်ရုံတည်ဆောက်မည့် စီမံကိန်းမြေနေရာနှင့် ကတ္တရာကျိုစက်ပစ္စည်းများရောက်ရှိမှု မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၃

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် မတ် ၃၀ ရက် နံနက် ၁၁နာရီက ပုသိမ်ကြီးမြို့နယ် ထုံးဘိုရွာ မိုင်တိုင်အမှတ် (၁၅/၅)အနီး တမာတောင် ကျောက်ထုတ်လုပ် ရေးစခန်းရှိ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ ကျောက်ခွဲစက်နှင့် နိုင်လွန်ကတ္တရာစက်ရုံ တည်ဆောက်မည့် စီမံကိန်းမြေနေရာ၊ တရုတ်နိုင်ငံမှ မှာယူသည့် ကတ္တရာကျိုစက်ပစ္စည်း အစိတ်အပိုင်းများ ရောက်ရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အောက်ယာပုံ)

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့အား လမ်းတံတားဌာန ဌာနခွဲမှူး ဒေါ်ခင်မေငွေ က ကျောက်ခွဲစက်နှင့် နိုင်လွန်ကတ္တရာ စက်ရုံ တည်ဆောက်မည့်မြေနေရာ စုစုပေါင်းခန့်မှန်း ၁၂ ဒသမ ၃၂ဧကတွင် အသုံးပြုမည့် ခန့်မှန်း ၁၀ ဒသမ ၅၃ ဧက ၌ လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်ရရှိမှုနှင့် ထရန်စဖော်မာတပ်ဆင်မည့် အခြေ အနေ၊ ဂိုဒေါင်နှင့် ဝန်ထမ်းလိုင်းခန်း တည်ဆောက်မည့် အခြေအနေ၊ ကျောက်ခွဲ စက်တည်နေရာနှင့် တည်ဆောက်ပြီးစီးမှု၊ ကတ္တရာအရည်ကျို စက်ရုံတည်ဆောက် မည့် မြေနေရာ ရှင်းလင်းဆောင်ရွက် ပြီးစီးမှုနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ရောက်ရှိမှုတို့ကိုမြေပုံကားချပ်ဖြင့်ရှင်းလင်း တင်ပြရာ မြို့တော်ဝန်က ကျောက်ခွဲ စက်နှင့် နိုင်လွန်ကတ္တရာ စက်ရုံသည် လမ်းဖောက်လုပ်ရေးလုပ်ငန်းများအတွက် အဓိကအခြေခံဖြစ်၍ စက်ရုံတည်ဆောက် ရေး လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း စက်ရုံတည်ဆောက်ပြီးပါက လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင် ရွက်ကြရန် တာဝန်ရှိသူများအား မှာကြား သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် တရုတ်နိုင်ငံမှ ရောက်ရှိလာ သည့် ကတ္တရာကျိုစက်ပစ္စည်း အစိတ် အပိုင်းများကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၃

ကချင်ပြည်နယ် မိုးကောင်းမြို့ ၂၀၀၉ခုနှစ် ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မတ် ၈ရက်တွင် မြို့နယ် ပြည်သူ့အားကစားပြိုင်ကွင်း၌ ကျင်းပရာ နတ်ကြီးကုန်းရပ်ကွက်ဘောလုံးအသင်းက အလယ်ရပ်ကွက် ဘောလုံးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဘောလုံးပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းစိန်နှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ (၄၉၉)

လှည်းကူးမြို့ ပြည်တော်သာရပ်ကွက် ဂါလန် ၇၀၀၀ဆံ့ပြည်တော်သာရေစင်မှ ရေပေးဝေမှုကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး နှင့်အဖွဲ့ မတ် ၆ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးသုံးစွဲမှုကို မတ် ၂၅ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးသန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးကြင်အေး၊ မြို့မဈေးကြီး အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ် မီးသတ် တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၄-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	မြန်မာသကြ်န်
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မြတ်ဘုရားဒေသနာ ဝိပဿနာတရားတော် -သုညတဆိုက်အောင်ရှုပါ
၅း၀၀	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၁၀	၅။	မျိုးချစ်တပ်မတော်
၅း၂၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၀	၇။	မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၅း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မြန်မာသကြ်န်
၆း၂၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၃။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြီးမြတ်သူတို့နှလုံးသား (အပိုင်း-၃၉)**
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	မြန်မာသကြ်န်
	၁၇။	မွေးမြူသုတ
	၁၈။	ဗွီစီဒီကျော်ကြားတေးများ
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အမှန်တရားရဲ့ ဘက်တော်သား (အပိုင်း-၁၂)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၃

မန္တလေး အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်ခင်စောလွင်သည် ဝန်ထမ်းများနှင့်အတူ ရပ်ကွက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့် တိုက်ရန်ပုံငွေတိုးပွားစေရေးတို့အတွက် စာဖတ်ဝိုင်းများ ပြုလုပ်ခြင်း၊ စာငှားကတ် စနစ်များထားရှိခြင်း၊ ဟောပြောဆွေးနွေးခြင်းတို့ကို မတ် ၇ရက်တွင် ပုလဲငွေရောင် ရပ်ကွက်ရှိ ပုလဲငွေရောင်စာကြည့်တိုက်နှင့် အောင်မြေသာစံရပ်ကွက်ရှိ အောင်မြေ စာကြည့်တိုက်များသို့ ကွင်းဆင်းဆောင်ရွက်ကြသည်။ **(ဝဲပုံ)**

ထို့နောက် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ကော်မတီဝင်များက စာငှားကတ် စနစ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကျေးလက်ရေပေးရေးဆောင်ရွက်

ရွှေကူ ဧပြီ ၁၀

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ရေပေးရေး ၁၀နှစ် စီမံချက်နှင့်အညီ ၂၀၀၈-၂၀၀၉ ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော စီသာကျေးရွာ အုပ်စု တာလီကျေးရွာ ရေစက်ရုံ၊ ရေကန်တည်ဆောက်မှုအား အမှုဆောင်အရာရှိ ဦးခင် အောင်နီနှင့် အငယ်တန်းအင်ဂျင်နီယာ ၂ ဦးဝင်းကျော်ကျော်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

❖ ကျောဖုံးမှ

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေအားလျှပ်စစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်နှင့် ပိုလျှံသောဓာတ်အားများကို မဟာဓာတ်အားလိုင်းစနစ်သို့ ပို့လွှတ်၍ နိုင်ငံတစ်ဝန်းသို့ ဓာတ်အားဖြန့်ဖြူးနိုင်ရန် ရည်ရွယ်လျက် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

လျှပ်စစ်ဓာတ်အား စုစုပေါင်း ၅၄ မဂ္ဂါဝပ် ထုတ်လုပ်နိုင်စွမ်းရှိသည့် ယင်းစီမံကိန်းသည် နိုင်ငံတော်၏ အကြီးစားရေအားလျှပ်စစ် စီမံကိန်းကြီးတစ်ခုဖြစ်ပြီး ငါးနှစ်ခန့်အချိန်ယူ၍ ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရသည်။ ရှမ်းပြည်နယ်အတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ရေအားလျှပ်စစ်စီမံကိန်းများအနက်လောလောဆယ်တွင် အကြီးဆုံး စီမံကိန်းကြီးလည်း ဖြစ်သည်။

ရှမ်းပြည်နယ် တစ်ခုလုံးတွင် ယခင်က နမ့်ခမ်း၊ မူဆယ်၊တပ်ကြီး စသည့် အသေးစားရေအားလျှပ်စစ်စက်ရုံ သုံးခုသာ ရှိခဲ့သည်။ ယခုအချိန်တွင်မူ နမ့်မျှော်၊ နမ့်ဆောင်ငေါင်း၊ ပါကျက်ဟော်၊ နမ့်ဆောင်ချောင်း၊ ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂)၊ နမ့်ရှန်ချောင်း၊ နမ့်ဝုတ်၊ မယ်ပန်၊ မိုင်းလား၊ နမ့်လပ်၊ ဆီလူး စသည့် အသေးစားနှင့် အလတ်စားရေအားလျှပ်စစ်စက်ရုံများကို နိုင်ငံတော်က တိုးချဲ့ တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။ ယင်းစက်ရုံများအနက် ဇော်ဂျီရေအားလျှပ်စစ် စက်ရုံများမှလွဲ၍ ကျန်စက်ရုံများမှာမူ သက်ဆိုင်ရာဒေသများအတွက်သာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်သည့် အဆင့်သာရှိခဲ့သည်။

ယခုဖွင့်လှစ်လိုက်သည့် ကျိုင်းတောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးမှာမူ အကြီးစားရေအားလျှပ်စစ်စီမံကိန်းကြီး ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းစနစ်တွင် ဆက်စပ်အကျုံးဝင်သည့်အတွက် နိုင်ငံတော်အတွက်ရော၊ ဒေသအတွက်ပါ အကျိုးပြုနိုင်စွမ်းရှိသည့် အမျိုးသားအဆင့် စီမံကိန်းကြီးဖြစ်သည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနကတည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်း ၁၆ခုတွင် ကျိုင်းတောင်းစီမံကိန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ထို့အပြင် နိုင်ငံအတွင်းရှိ ရေအားလျှပ်စစ်စက်ရုံများအနက် အခု ၄၀ မြောက် ဖွင့်လှစ်သည့် ဓာတ်အားပေးစက်ရုံကြီးလည်းဖြစ်သည်။

ယခုဆိုလျှင် ကျိုင်းတောင်းစက်ရုံကထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားများကို လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ ကျိုင်းတောင်း၊ လွိုင်လင်၊ နမ့်စန်၊ လင်းခေး၊ မိုးနဲ၊ မိုင်းပန်၊ မောက်မယ်၊ ပင်လုံနှင့်လဲချား စသည့် မြို့များသို့ ဖြန့်ဖြူးပေးနေပြီဖြစ်သည့်အတွက် ယင်းဒေသများ၌ အမှောင်ကိုခွင်းပြီး အလင်းဆောင်နိုင်ကြပေပြီ။ လျှပ်စစ်ဓာတ်အား ရရှိလာမှုကြောင့် အနာဂတ်ကာလတွင်လည်း ရှမ်းပြည်နယ်၏ အလယ်ပိုင်းတွင်ရှိသည့် ယင်းမြို့နယ်များ၏ လူမှုစီးပွားဘဝအခြေအနေ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်မှာ မြေကြီးလက်ခတ်မလွဲတော့ပေ။

ယခုစီမံကိန်းသာမက အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကိုလည်း နိုင်ငံတော်က ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းစီမံကိန်း ပြီးစီးသွားသည့်အခါတွင် လက်ရှိ ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံ၏ ဓာတ်အားထုတ်လုပ်မှုသည် ပိုမိုသေချာခိုင်မာလာမည် ဖြစ်သည့်အပြင် အဆိုပါ အထက်ကျိုင်းတောင်းစီမံကိန်းမှလည်း ဓာတ်အားများ ထပ်မံတိုးတက်ရရှိမည်ဖြစ်သဖြင့် ရှမ်းပြည်နယ်အတွက်သာမက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုပါ ပိုမိုအထောက်အကူပြု ဖြည့်ဆည်းပေးသွားနိုင်မည် ဖြစ်သည်။

အမှန်တကယ်မူ ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို အလွယ်တကူ တည်ဆောက်ခဲ့ရခြင်းမဟုတ်ပေ။ စက်ရုံတည်ရှိရာ ဒေသသည် လမ်းပန်းဆက်သွယ်မှု အလွန်ခက်ခဲသော ဒေသဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံး ဆူကြိုနိမ့်မြင့်ကွာဟချက် ကျဉ်းမြောင်းလာပြီး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေလိုသည့် နိုင်ငံတော်၏ စေတနာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ ဇွဲ၊ လုံ့လ၊ ဝီရိယကို အရင်းပြု၍ အပင်ပန်းခံ၊ အဆင်းရဲခံ၊ အနစ်နာခံကာ ကြိုးပမ်းဆောင်ရွက်ခဲ့မှုတို့ကြောင့် စက်ရုံကြီး ပေါ်ထွက်လာခြင်း ဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့၏ အရှေ့မြောက်ဘက် မိုင်၃၀ခန့်အကွာ နမ့်တိန်ချောင်းပေါ်ရှိ ကျိုင်းတောင်းရေတံခွန်ကို တွေ့ရစဉ်။

ကျိုင်းတောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဗဟိုထိန်းချုပ်ခန်းကို တွေ့ရစဉ်။

အဓိကအားဖြင့်မူ စက်ရုံတည်ရှိရာ ကျိုင်းတောင်းဒေသ တည်ငြိမ်အေးချမ်းလာ၍သာ တည်ဆောက်နိုင်ခဲ့ခြင်းပင်။

နမ့်တိန်ချောင်းပေါ်တွင် ဖြစ်တည်နေသည့် ကျိုင်းတောင်းရေတံခွန်ကြီးသည် မြင်ရသူတိုင်း ရင်သပ်ရှုမောစေလောက်အောင်လှပလွန်းသည့် သဘာဝတရားက ရေးဆွဲပေးထားသော ပန်းချီကားတစ်ချပ်ပင်ဖြစ်သည်။ ယင်းသဘာဝအလှတရားကို နိုင်ငံတော်က သဘာဝစွမ်းအင်အရင်းအမြစ်အဖြစ် အသုံးပြု၍ ရေအားလျှပ်စစ် စီမံကိန်းကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည်။

နမ့်တိန်ချောင်း၏ရေဆင်းဧရိယာမှာ ၂၃၂၅ စတုရန်းမိုင်ရှိပြီး ပျမ်းမျှရေထုစီးနှုန်း ၃၂၂၅ ကုဗပေ/စက္ကန့်၊ ဒီဇိုင်းရေထုစီးနှုန်း ၁၈၀၀ ကုဗပေ/စက္ကန့်နှင့် ရေအားအမြင့် ၄၂၇ ပေ ရှိသည်။ ကျိုင်းတောင်းဒေသ၏ နှစ်စဉ်ပျမ်းမျှမိုးရေချိန်မှာ ၅၃ လက်မ ဖြစ်သည်။

ဓာတ်အားပေးစက်ရုံတွင် ဒေါင်လိုက်ဖရန်စစ်တာဘိုင်အမျိုးအစား ဓာတ်အားပေးစက်သုံးလုံး တပ်ဆင်ထားသည်။ စက်တစ်လုံးလျှင် ဓာတ်အား ၁၈ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရာ စက်ရုံတစ်ခုလုံး၏ ထုတ်လုပ်နိုင်သည့် ဓာတ်အားစုစုပေါင်းမှာ ၅၄ မဂ္ဂါဝပ်ဖြစ်သည်။ စက်ရုံမှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီ သန်းပေါင်း ၃၇၇ ဒသမ ၆ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

စီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ပြီးစီးခဲ့ရာ အချိန်ကာလအားဖြင့် ငါးနှစ်ခန့် အချိန်ယူတည်ဆောက်ခဲ့ရသည်။ စက်စမ်းသပ်လည်ပတ်မောင်းနှင်ခြင်း၊ ဓာတ်အားပို့လွှတ်ခြင်းလုပ်ငန်းများကို စက်တစ်လုံးချင်းအလိုက် ဆောင်ရွက်ခဲ့ရာ ၃၁-၁-၂၀၀၉ ရက်တွင် ဓာတ်အားပေးစက်များ အားလုံးမှ တပ်ဆင်စက်အင်အား ၅၄ မဂ္ဂါဝပ်ကို အပြည့်အဝထုတ်လွှတ်ပေးနိုင်ခဲ့သည်။

စီမံကိန်းတစ်ခုလုံးအတွက်နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၁၅၂၈၅ သန်းနှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅၆သန်းကုန်ကျခံကာ တည်ဆောက်ခဲ့သည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်အတွက် ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့သကဲ့သို့ ရရှိလာသည့် လျှပ်စစ်ဓာတ်အားများကို ဓာတ်အားသုံးစွဲသူများထံ အရောက် ဖြန့်ဖြူးပေးပို့နိုင်ရေးအတွက်လည်း ဓာတ်အားလိုင်းစနစ်များနှင့် ဓာတ်အားခွဲရုံများကို နိုင်ငံတော်က ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကျိုင်းတောင်းစက်ရုံမှ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးနိုင်ရန်အတွက် အရှည် ၁၁၄ မိုင်ရှိသည့် ၁၃၂ ကေဗွီ ဓာတ်အားလိုင်း၊ အရှည် ၂၁၁ မိုင်ရှိသည့် ၆၆ကေဗွီ ဓာတ်အားလိုင်း၊ အရှည် ၇၅ မိုင်ရှိသည့် ၃၃ ကေဗွီ ဓာတ်အားလိုင်းနှင့် အရှည် ၈၁ မိုင်ရှိသည့် ၁၁ကေဗွီဓာတ်အားလိုင်းတို့ကို တည်ဆောက်လျက်ရှိသည်။ ၁၃၂ကေဗွီ ဓာတ်အားလိုင်းမှာ ကျိုင်းတောင်းမှ နမ့်စန် ၇၃ မိုင်နှင့် နမ့်စန်မှပင်းပက် ၄၁ မိုင်ရှိသည်။ ၆၆ကေဗွီဓာတ်အားလိုင်းမှာ နမ့်စန်-လွိုင်လင်-မိုင်းကိုင်လိုင်း ၈၂ မိုင်၊ ခိုလန်-မိုင်းနောင်လိုင်း ၄၄ မိုင်၊ ခိုလန်-ကွန်ဟိန်းလိုင်း ၃၃ မိုင်နှင့် နမ့်စန်-မိုးနဲ-လင်းခေးလိုင်း ၅၂ မိုင်ရှိသည်။ ၃၃ကေဗွီ ဓာတ်အားလိုင်းမှာ မိုင်းနောင်-မိုင်းရှူးလိုင်း ၃၈ မိုင်နှင့် မိုင်းနောင်-ကျေးသီးလိုင်း ၃၇ မိုင်ရှိသည်။ ၁၁ ကေဗွီ ဓာတ်အားလိုင်းမှာ ဓာတ်အားပေးစက်ရုံ-ကျိုင်းတောင်းလိုင်း ၁၈ မိုင်၊ မိုးနဲ-မောက်မယ်လိုင်း ၃၂ မိုင်နှင့် လင်းခေး-မိုင်းပန်လိုင်း ၃၁ မိုင်ရှိသည်။ ထို့အပြင် မဟာဓာတ်အားလိုင်းစနစ်မှတစ်ဆင့် အခြားပြည်နယ်နှင့်တိုင်းများသို့လည်း ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်က ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်၍ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ပြီဖြစ်သဖြင့် ကျိုင်းတောင်းဒေသမှာသာမက လွိုင်လင်ခရိုင်နှင့်လင်းခေးခရိုင်အတွင်းရှိမြို့နယ်များမှာပါ ၂၄နာရီလျှပ်စစ်မီး အပြည့်အဝရရှိလာခဲ့ပြီဖြစ်သည်။

ရှမ်းပြည်နယ်ရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အဘက်ဘက်မှအထောက်အကူပြုလျက်ရှိသည့် ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးသည် ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အားမာန်သစ်များမွေးဖွားပေးနေပြီ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် တပ်ဆင်ထားသောဒေါင်လိုက်ဖရန်စစ်တာဘိုင်ဓာတ်အားပေးစက်တပ်ဆင်ထားမှုကို တွေ့ရစဉ်။

ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲ ပြိုင်ပွဲဝင်အသင်းများနှင့် အခမ်းအနား တက်ရောက်လာသူများအား တွေ့ရစဉ်။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
စဥ့်ကူစိုးဝင်း

မွန်မြတ်ယဉ်ကျေး ရခိုင်နံ့သာသွေးပွဲ

ရခိုင်ပြည်နယ်တွင် သင်္ကြန်အကြိုနေ့မတိုင်မီ တစ်ရက်စောကာ နံ့သာသွေးပြိုင်ပွဲများကို ရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ အုပ်စုအလိုက် ရခိုင်တိုင်းရင်းသူ လှပျိုဖြူများက နံ့သာဖြူ နံ့သာနီ စသည့် အမွှေးနံ့သာတုံးများဖြင့် ရိုးရာအစဉ်အလာမပျက် ကျောက်ပျဉ်ထက်၌သွေးပြီး အမွှေးနံ့သာရည်များဖြင့် ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ပူဇော်ပြီးမှ အချင်းချင်းရေပက်ဖျန်း၍ သင်္ကြန်ပွဲကို စတင်ကြသည်။

ယင်းသို့ ဗုဒ္ဓရုပ်ပွားတော်များကို နံ့သာဖြူ နံ့သာနီ စသည့် အမွှေးနံ့သာရည်များဖြင့် ရေသပ္ပာယ်ကြခြင်းမှာ တတိယဓညဝတီခေတ် စန္ဒသူရိယမင်း လက်ထက် ဘီစီ-၅၅၄ခုနှစ် နောက်ပိုင်းတွင် စတင်ခဲ့ကြောင်း သမိုင်းအထင်အရှားတွေ့ရသည်။

ဘီစီ-၅၅၄ ခုနှစ် အဋ္ဌနမင်းနှင့် ဓညဝတီရာလာမာရာယုမင်းတို့ ဖြို့ခွင်းသည့် မဟာသက္ကရာဇ် ၁၂၃ခုနှစ် ဓညဝတီမြို့၌ စန္ဒသူရိယမင်းကြီး နန်းသက် (၂၆)နှစ်မြောက်တွင် ဂေါတမမြတ်စွာဘုရား ရဟန်းတော်အပါး ၅၀၀လိုက်ပါလျက် ရခိုင်ပြည်သို့ကြွရောက်လာကြောင်း ရခိုင်ရာဇဝင်သစ်ကျမ်းစတုတ္ထတွဲ၌ တွေ့ရှိပါသည်။

စန္ဒသူရိယမင်းကြီးသည် မြတ်စွာဘုရားရုပ်တန့် သီတင်းသုံးတော်မူရာ သေလာဂိရိမောရပဗ္ဗတကျောက်တော်တောင်ထိပ်သို့သွားရောက်ကာ မြတ်စွာဘုရားရှင်၏ခြေတော်စုံကို ဦးတိုက်လျက် စန္ဒကူးနံ့သာ၊ ကရမက် အစရှိသည့် အမွှေးနံ့သာအဖြာဖြာတို့ဖြင့် ပူဇော်ကန်တော့ခဲ့သည်။

ထိုခေတ်ချိန်မှစ၍ ရခိုင်တိုင်းရင်းသားတို့သည် သင်္ကြန်အတာနှစ်ကူးတွင် ပထမဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား အမွှေးနံ့သာရည်များဖြင့် ပူဇော်သပ္ပာယ်သည့်ဓလေ့ စတင်ခဲ့ပြီး ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ် စသည့် ရခိုင်သမိုင်းအဆက်ဆက်တွင် အတာသင်္ကြန်နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးတွင် ရှေးဦးစွာဘုရားရေသပ္ပာယ်ရာတွင် အသုံးပြုသည့် နံ့သာသွေးပွဲကို ရခိုင်ပြည်သူလှပျိုဖြူများက နံ့သာသွေး

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✿

ပြုံးပျော်တဲ့ပွဲ

ပိတောက်က တဝေဝေ
ရေတွေက တရွှဲရွှဲ
ရွှေမြန်မာ တစ်ပြည်လုံး
ပြုံးပျော်တဲ့ပွဲ။ ။

အ င် တာ န က် ကျ န် း မာ ရေ း သ တ င် း

မှိုကိုနေ့စဉ်စားသုံးခြင်းသည် ရင်သားကင်ဆာဖြစ်ခြင်းကို လျော့နည်းစေနိုင်

ဘာသာပြန်-မောင်ဇော်

လန်ဒန် ဧပြီ ၁၃

မှိုကို နေ့စဉ်ပုံမှန်စားသုံးပါက ရင်သားကင်ဆာဖြစ်နိုင်ခြေ သုံးပုံနှစ်ပုံခန့်ထိ သိသိသာသာ လျှော့ချပေးနိုင်သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၌ အဆိုပါ လေ့လာမှုကို ပြုလုပ်ခဲ့ရာ မှိုဟင်းအာဟာရနှင့်အတူ လက်ဖက်ရည်ကြမ်းကို ပုံမှန်စားသုံး၊ သောက်သုံးသော အမျိုးသမီးများသည် ရင်သားကင်ဆာဖြစ်နိုင်ခြေ လျော့နည်းသည်သာမက အခြားကြီးမားသော အကျိုးကျေးဇူးများကိုပါ ရရှိခဲ့ကြောင်း တွေ့ရှိရသည်။ ထိုအမျိုးသမီးများအတွင်း ရင်သားကင်ဆာဖြစ်နိုင်ခြေ ၉၀ ရာခိုင်နှုန်းခန့် လျော့ကျစေခဲ့သည်ဟု ဆိုသည်။



သန့်ရှင်းလတ်ဆတ်သော မှိုတစ်အောင်စ၏ သုံးပုံတစ်ပုံကို အနည်းဆုံးထား၍ နေ့စဉ်စားသုံးသော အမျိုးသမီးများ၏ ကင်ဆာဖြစ်နိုင်သောအကျိတ်များမှာ ၆၄ ရာခိုင်နှုန်းခန့် လျော့နည်းသွားခဲ့သည်။ ခြောက်သွေ့နေသော မှိုခြောက်များသည် ရင်သားကင်ဆာဖြစ်ခြင်းကို အနည်းငယ်သာကာကွယ်ပေးနိုင်ပြီး ဖြစ်နိုင်ခြေ တစ်ဝက်ခန့်ကိုသာ လျော့နည်းစေသည်။

တရုတ်နိုင်ငံတွင် မှိုကိုနေ့စဉ်မှန်မှန်စားသုံးသော အမျိုးသမီး ၂၀၀၀ ကျော်ကို လေ့လာခဲ့ကြရာ တစ်ဝက်ခန့်သာ ရင်သားကင်ဆာဖြစ်ပွားသည်ကို တွေ့ရကြောင်း၊ မှိုကိုပုံမှန်ထက် များပြားစွာ စားသုံးသော တရုတ်အမျိုးသမီးများသည်

စာမျက်နှာ ၇ ကော်လံ ၆ သို့ ✻

သတင်းဆောင်းပါး-ရန်ကြီးအောင်၊ ဓာတ်ပုံ-ကျော်ဆွေမိုး(ပြန်/ဆက်)

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးကို ၂၀၀၉ ခုနှစ် မတ် ၂၁ရက်တွင် နိုင်ငံတော်က ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။

ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့၏ အရှေ့မြောက်ဘက်မိုင် ၃၀ ခန့်အကွာနမ့်တိန် ချောင်းပေါ်ရှိ ကျိုင်းတောင်းရေတံခွန်အနီးတွင် တည်ရှိသည်။ နမ့်တိန်ချောင်းမှ ရေကိုသွယ်ယူ၍ လျှပ်စစ်ဓာတ်အားထုတ်ယူရန်အတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နမ့်တိန်ချောင်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့၏ မြောက်ဘက်မှ စတင်မြစ်ဖျားခံပြီး နမ့်စန်မြို့၏ မြောက်ဘက်ငါးမိုင်ခန့်အကွာမှ တစ်ဆင့် ကျိုင်းတောင်း၊ လင်းခေးမြို့များကိုဖြတ်သန်း၍ သံလွင်မြစ်အတွင်းသို့ စီးဝင်သည်။ ကျိုင်းတောင်းမြို့၏အရှေ့တောင်ဘက် ၁၈ မိုင်ခန့်အကွာတွင် ကျိုင်းတောင်းရေတံခွန် ဖြစ်ပေါ်လျက်ရှိပြီး ယင်းရေတံခွန်၏ သဘာဝရေနိမ့်မြင့်ကွာခြားမှုကို အသုံးပြု၍ ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းသည် စီးပွားရေးအရတွက်ခြေကိုက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုပါ အကျိုးပြုမည်ဖြစ်၍ ပထမ(၅)နှစ် နှစ်တိုစီမံကိန်းတစ်ခုအဖြစ် အကောင်အထည်ဖော် တည်ဆောက်ရန် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အတူ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၃-၄-၂၀၀၉

ရန်ကုန်(မြို့လယ်)နှင့်

မှော်ဘီ	၁ ဒသမ ၀၂ လက်မ
ကိုကိုးကျွန်း	၀ ဒသမ ၉၉ လက်မ
ညောင်လေးပင်	၀ ဒသမ ၅၅ လက်မ

ထူးခြားသည့် နေ့အပူချိန်များ

၁၃-၄-၂၀၀၉

ချောက်၊ မင်းဘူးနှင့် အောင်လံ

၄၂ ဒီဂရီစင်တီဂရိတ်စီ

မကွေး

၄၁ ဒီဂရီစင်တီဂရိတ်